# ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအတန်းတွင် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်အကြောင်းနှင့် ယင်းဘာသာရပ်ကို လက်တွေ့ဘဝတွင် အသုံးချပုံများကို ပိုမိုနားလည်နိုင်စေမည့် အသိပညာ၊ ကျွမ်းကျင်မှုအသစ်များ ဖွံ့ဖြိုးလာရန် ကျောင်းသားများက အဖွဲ့လိုက်လုပ်ငန်းများကို ဆရာနှင့်အတူ လုပ်ဆောင် သင်ယူရမည်။ ထို့ပြင် ပြဿနာအခက်အခဲများကို ဖြေရှင်းတတ်ရန်နှင့် စဉ်းစားတွေးခေါ် ဖန်တီးတတ်ရန် လေ့လာသင်ယူမည်။ အချို့စာသင်ချိန်များတွင် အဖွဲ့လိုက်လုပ်ဆောင်ကြပြီး အချို့စာသင်ချိန်များတွင် အတန်းလိုက် သို့မဟုတ် တစ်ဦးချင်း လေ့လာသင်ယူကြမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဒသမတန်း၊ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် ကျောင်းသုံးစာအုပ်တွင် အောက်ပါအဓိက အကြောင်းအရာများပါဝင်သည်။

- လူမှုကျင့်ဝတ်
- အခွင့်အရေးနှင့်တာဝန်
- စည်းကမ်းနှင့်ဥပဒေ
- ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း

## သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် ၂၁ရာစု ကျွမ်းကျင်မှုများဖြစ်သည့် C-၅လုံးကို လေ့ကျင့်သင်ယူကြရမည်။

✓ ပူးပေါင်းဆောင်ရွက်ခြင်း (**C**ollaboration)- သင်ခန်းစာများ သင်ယူရာတွင် ကျောင်းသူကျောင်းသားများသည် အတန်းဖော်များနှင့်အုပ်စုဖွဲ့ပြီး အတွေးအခေါ်များမျှဝေခြင်း၊ အဖြေများအတူ ရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။

✓ ဆက်သွယ်ပြောဆိုခြင်း (**C**ommunication)- သင်ခန်းစာများကို ရေးခြင်း၊ ဖတ်ခြင်း၊ ပြောခြင်း၊ နားထောင်ခြင်းနှင့် နှုတ်ဖြင့်ဆက်သွယ်ပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့် ဆက်သွယ်ပြောဆိုခြင်းတို့ကို လုပ်ဆောင်ရမည်။

✓ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့်ပြဿနာဖြေရှင်းခြင်း (**C**ritical Thinking and Problem Solving)- ဖြေရှင်းရန် စိတ်ဝင်စားဖွယ်ပြဿနာများ၏ အဖြေများကို ရှာဖွေခြင်းနှင့်တင်ပြခြင်း၊ အမှားများကို ရှာဖွေခြင်းနှင့်ပြုပြင်ခြင်းတို့ ပြုလုပ်ကြရမည်။

DBE BOX - Copyright Protected

- ✓ တီထွင်ဖန်တီးခြင်း (**C**reativity and Innovation)- ဘောင်ခတ်ထားသည့် အခြေအနေ ထဲမှထွက်၍ တွေးခေါ်ခြင်း၊ အတွေးအခေါ်သစ်များ၊ နည်းလမ်းသစ်များဖြင့် ပြဿနာများ ဖြေရှင်းခြင်းကို လုပ်ဆောင်ရမည်။
- ✓ နိုင်ငံသားကောင်းဖြစ်ခြင်း (**C**itizenship)- နိုင်ငံသားကောင်းဖြစ်စေရန် ကျောင်း၊ လူမှု အဖွဲ့အစည်းတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်း၊ စည်းကမ်းနှင့်ဥပဒေကို လေးစားလိုက်နာခြင်း၊ တရားမျှတခြင်း၊ သဘောထားကွဲလွဲမှု ဖြေရှင်းခြင်းစသည်တို့ကို လေ့ကျင့်သင်ယူရမည်။

**စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ**

ဒသမတန်း၊ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် ကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

သင်ရိုးမာတိကာအကျဉ်းချုပ် (သင်ယူမှုရလဒ်များ)

အခန်း(၁) လူမှုကျင့်ဝတ်

မြန်မာနိုင်ငံသားများအနေဖြင့်လိုက်နာရန် လိုအပ်သည်ဟု စံပြုထားသော ကိုယ်ကျင့်တရားများ (ယုံကြည်ကိုးစားနိုင်မှုရှိခြင်း၊ သက်ကြီးရွယ်အိုများကို ရိုသေလေးစားခြင်း၊ မသန်စွမ်းသူများကို အလေးထားဆက်ဆံခြင်း၊ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ခြင်း၊ ကိုယ်ချင်းစာတရားထား တတ်ခြင်းနှင့် ပေးကမ်းမျှဝေခြင်း) အလေ့အထတို့ကို နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

ပညာရှိများ လမ်းညွှန်ဆုံးမထားသော စကားပုံ၊ ဆိုရိုးစကားနှင့် ဆုံးမစာများကို ကျောင်းသားများ ကိုယ်တိုင်ရှာဖွေ ဖော်ထုတ်တတ်၍ နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

အခန်း(၂) အခွင့်အရေးနှင့်တာဝန်

ကမ္ဘာ့ကုလသမဂ္ဂတွင် လက်မှတ်ရေးထိုးထားသော ပဋိညာဉ်များအနက် ကမ္ဘာ့လူအခွင့်အရေး ကြေညာစာတမ်းနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ အချက်များကို သိရှိနားလည်၍ လူမှုဘဝတွင် ကျင့်သုံးတတ်မည်။

အခန်း(၃) စည်းကမ်းနှင့်ဥပဒေ

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်အခွန်အကောက် ဆိုင်ရာ ဥပဒေများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်လာမည်။

DBE BOX - Copyright Protected

အခန်း(၄) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း

ငြိမ်းချမ်းရေး၏တန်ဖိုးနှင့် အရေးပါပုံကိုသိရှိပြီး ငြိမ်းချမ်းရေးကို မြတ်နိုးထိန်းသိမ်းတတ်မည်။မြန်မာပြည်ငြိမ်းချမ်းသာယာ ညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သူများ အကြောင်းကို ဖတ်ရှုလေ့လာပြီး ပြန်လည်ဆွေးနွေးတင်ပြတတ်မည်။တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရှင်းပြတတ်မည်။ ငြိမ်းချမ်းရေးကို တန်ဖိုးထားတတ်သော မြန်မာနိုင်ငံသားတစ်ဦးအဖြစ် မိမိကိုယ်မိမိ ဂုဏ်ယူတတ်မည်။

ဤကျောင်းသုံးစာအုပ်တွင် ကျောင်းသားများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးမည့် အောက်ပါ သင်္ကေတများ (Icons)ကို တွေ့ရလိမ့်မည်-

 ဖတ်ပါ

 အိုင်စီတီ/အင်တာနက်ချိတ်ပါ


 ရေးပါ

 သူငယ်ချင်းတွေကိုပြောပြပါ

 နားထောင်ပါ

 ဆွေးနွေးပါ

 စဉ်းစားပါ

 ရွေးချယ်နိုင်သောသင်ခန်းစာ/လေ့ကျင့်ခန်း

 စဉ်းစားပြီးရေးပါ


 အိမ်စာ

 ရှာဖွေပါ

 နှိုင်းယှဉ်ပါ/ယှဉ်တွဲပါ

LIBE BOX - Copyright Protected

အောက်ဖော်ပြပါ လေးထောင့်ကွက်များကလည်း ကျောင်းသားများ၏လေ့လာ သင်ယူမှုများကို ကူညီလမ်းညွှန်ပေးလိမ့်မည်။





# အခန်း (၁)
# လူမှုကျင့်ဝတ်

ဤအခန်းတွင် မြန်မာနိုင်ငံသားများ လိုက်နာရန် လိုအပ်သည်ဟု စံပြုထားသော ကိုယ်ကျင့်တရားနှင့် လူမှုကျင့်ဝတ်များ သင်ယူခဲ့ကြပုံကို ပြန်လည်သုံးသပ်ခြင်း၊ လူမှုစည်းကမ်းများကို ကျင့်ဝတ်သဖွယ်လေးစား လိုက်နာခြင်း၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်ကိုးစားမှု တည်ဆောက်ခြင်း၊ သက်ကြီး ရွယ်အိုများကို ရိုသေလေးစားခြင်းနှင့် မသန်စွမ်းသူများကို အလေးထား ဆက်ဆံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ သဒ္ဓါတရားဖြင့် ပေးကမ်းမျှဝေခြင်း၊ ပညာရှိများ လမ်းညွှန်ဆုံးမထားသော စကားပုံ၊ ဆိုရိုးစကားနှင့် ဆုံးမစာများကို ကျောင်းသား များ ကိုယ်တိုင်ရှာဖွေ ဖော်ထုတ်၍လေ့လာ သင်ယူကြရမည်။

ဤအခန်းပြီးလျှင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင် နိုင်မည် ဖြစ်သည်။

- မြန်မာနိုင်ငံသားများ အနေဖြင့်လိုက်နာရန် လိုအပ်သည်ဟု စံပြုထား သော ကိုယ်ကျင့်တရားများ ( ယုံကြည်ကိုးစားနိုင်မှုရှိခြင်း၊သက်ကြီးရွယ် အိုများကို ရိုသေလေးစားခြင်းနှင့် မသန်စွမ်းသူများကို အလေးထား ဆက်ဆံခြင်း၊ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ခြင်း၊ ကိုယ်ချင်းစာ တရားထားတတ်ခြင်းနှင့် ပေးကမ်းမျှဝေခြင်း) အလေ့အထတို့ကို နေ့စဉ် ဘဝတွင် ကျင့်သုံးတတ်လာမည်။
- ပညာရှိများ လမ်းညွှန်ဆုံးမထားသော စကားပုံ၊ ဆိုရိုးစကားနှင့် ဆုံးမစာ များကို ကျောင်းသားများ ကိုယ်တိုင်ရှာဖွေ ဖော်ထုတ်တတ်၍ နေ့စဉ် ဘဝတွင် ကျင့်သုံးတတ်လာမည်။

DBE BOOK - Copyright Protected

# သင်ခန်းစာ (၁.၁) လိုက်နာလေးစား လူမှုကျင့်ဝတ်နှင့် လူမှုစည်းကမ်းများ

လူသည် တစ်ဦးတည်းရှင်သန်ရပ်တည်နေထိုင်၍ မရသည်ကို သမိုင်းဦးအစကပင် လေ့လာတွေ့ရှိနိုင်ပါသည်။ ထိုအချိန်ကတည်းက လူသားများသည် အုပ်စုဖွဲ့၍နေထိုင်ကြပြီး အုပ်စု အတွင်းရှိ လူအချင်းချင်းဆက်ဆံခြင်း၊ မိမိအုပ်စုနှင့် အခြားအုပ်စုများ အချင်းချင်း အပြန်အလှန်ဆက်ဆံခြင်းများ ရှိလာကြသည်။ ယဉ်ကျေးမှု တိုးတက်လာသည်နှင့်အမျှ မိသားစု၊ အုပ်စုမှရွာ၊ ရွာမှမြို့၊ မြို့မှ တိုင်းပြည်၊ နိုင်ငံအထိ အဆင့်ဆင့် တိုးတက်လာသကဲ့သို့ လူမှုကျင့်ဝတ်နှင့် လူမှုဆက်ဆံရေးသည်လည်း လိုက်လျောညီထွေစွာ ပြောင်းလဲလာပါသည်။ လူမှုအဖွဲ့အစည်းများတစ်စုနှင့်တစ်စုမတူကွဲပြားသကဲ့သို့လူမှုစည်းကမ်းများနှင့် ကိုယ်ကျင့်တရားအယူအဆ သတ်မှတ်ချက်များလည်း ကွဲပြားလာကြပါသည်။


**အဓိပ္ပာယ်ဖွင့်ဆိုချက်**

**ကျင့်ဝတ်**

ကျင့်ဝတ်ဟူသည် လူတို့ လိုက်နာကျင့်ကြံအပ်သည့် တာဝန်ဝတ္တရားများဖြစ်သည်။ ကျင့်ဝတ်နှင့်အညီ နေထိုင်ခြင်းဖြင့် လုံခြုံသောဘဝ သာယာအေးချမ်းသောဘဝကို ရရှိမည်ဖြစ်သည်။

**အောက်တွင် ပေးထားသော လူမှုကျင့်ဝတ်နှင့် ဆက်စပ်နေသည့် အလေ့အကျင့်များကို သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် (ယဉ်ကျေးခြင်း၊ ရိုသေလေးစားခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်း) အုပ်စုဖွဲ့၍ စဉ်းစားဆွေးနွေး ဖော်ထုတ်ပါ။**

အလေးထားခြင်း၊ မှန်ကန်စွာပြောဆိုခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ အပြောအဆိုချိုသာခြင်း၊ သည်းခံခွင့်လွှတ်တတ်ခြင်း၊ ဦးစားပေးတတ်ခြင်း၊ တာဝန်ယူတတ်ခြင်း၊ ယုံကြည်အားကိုးထိုက်ခြင်း၊ နားလည်မှုရှိခြင်း၊ ကိုယ်အမူအရာယဉ်ကျေးခြင်း၊ ကူညီတတ်ခြင်း၊ မျှဝေခြင်း၊ နွေးထွေးကြင်နာမှုရှိခြင်း၊ မျှတမှုရှိခြင်း




DBE BOX - Copyright Protected

**အခဲပွားယဖွင့်ဆိုချက်**

**စည်းကမ်း**

စည်းကမ်းဆိုသည်မှာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ပင်ဖြစ်သည်။

**အောက်တွင် ဖော်ပြထားသော လူမှုစည်းကမ်းများကို လိုက်နာခြင်း၏ ကောင်းကျိုးနှင့် မလိုက်နာခြင်း၏ ဆိုးကျိုးများကို ဆွေးနွေး၍ ဇယားတွင်ဖြည့်စွက်ပါ။**

| လူမှုစည်းကမ်းများ | လိုက်နာခြင်း၏ ကောင်းကျိုး | မလိုက်နာခြင်း၏ ဆိုးကျိုး |
|---|---|---|
| အမှိုက်များကို အမှိုက်ပုံးနှင့် သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ခြင်း။ | | |
| ကားလမ်းကူးရာတွင် လူကူးမျဉ်းကျားမှ ကူးခြင်း။ | | |
| သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ကလေးချီထားသော မိခင်၊ ဖခင်နှင့် ကိုယ်ဝန်ဆောင်မိခင်များကို ဦးစားပေးခြင်း၊ ရိုသေလေးစားခြင်း။ | | |
| မည်သည့်နေရာတွင်မဆို အလှည့်ကျတန်းစီ စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ တစ်ဦးနှင့် တစ်ဦး ဦးစားပေးကူညီတတ်ခြင်း။ | | |

DBE BOX - Copyright Protected

**အဓိကအချက်များ**

- ယဉ်ကျေးမှုတိုးတက်လာသည်နှင့်အမျှ လူမှုကျင့်ဝတ်နှင့်လူမှုဆက်ဆံရေးသည်လည်း လိုက်လျောညီထွေစွာ ပြောင်းလဲလာပါသည်။
- ကျင့်ဝတ်ဟူသည် လူတို့လိုက်နာကျင့်ကြံအပ်သည့် တာဝန်ဝတ္တရားများ ဖြစ်သည်။
- စည်းကမ်းဆိုသည်မှာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ပင်ဖြစ်သည်။

**အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။**

(၁) လူမှုကျင့်ဝတ်ကို သင်မည်သို့နားလည်ပါသနည်း။

(၂) လူမှုစည်းကမ်းများကိုလိုက်နာရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။

## သင်ခန်းစာ (၁.၂) တစ်ဦးနှင့်တစ်ဦးကြား ယုံကြည်ကိုးစားမှုထား

ကိုယ်ကျင့်တရားကောင်းမွန်သော လူသားတစ်ဦးဖြစ်ရန်မှာ အရေးကြီးသည်။ ကိုယ်ကျင့်တရားကောင်းမွန်သူတစ်ဦးသည် လူအများက ယုံကြည်သူတစ်ဦး ဖြစ်လာနိုင်သည်။ လူတစ်ဦးနှင့် တစ်ဦး ယုံကြည်မှုတည်ဆောက်ရန် အချိန်ယူရမည်။ ရိုးသားမှု၊ ကတိတည်မှု၊ သစ္စာရှိမှုနှင့် စိတ်ထားဖြူစင်မှုတို့သည် ယုံကြည်ကိုးစားမှုကို တည်ဆောက်ရာတွင် အဓိကအချက်များ ဖြစ်သည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်

### ယုံကြည်ကိုးစားနိုင်မှု

ယုံကြည်ကိုးစားနိုင်မှုဆိုသည်မှာ ရိုးရိုးသားသား အမှန်စကားကိုသာပြောခြင်း၊ အပြောနှင့် အလုပ်ညီ၍ ကတိတည်ခြင်းကို ဆိုလိုသည်။

**အောက်ပါတို့မှ ယုံကြည်ကိုးစားနိုင်သူတစ်ဦးတွင် ရှိရမည့်အရည်အသွေးများကို ဖော်ထုတ်၍ ထိုအရည်အသွေးများရှိရန် အဘယ်ကြောင့် လိုအပ်ကြောင်း အကြောင်းပြချက်ပေး၍ ဆွေးနွေးတင်ပြပါ။**



| စဉ် | အရည်အသွေး | အကြောင်းပြချက် |
|---|---|---|
| | | |
| | | |
| | | |
| | | |

**အောက်ပါ စကားပုံများကို သင်မည်ကဲ့သို့ နားလည်ပါသနည်း။ ယုံကြည်ကိုးစားမှုနှင့် ဆက်စပ်သော အခြားအဆိုအမိန့်၊စကားပုံ၊ဆိုရိုးစကားများ၏ အဓိပ္ပာယ်များကို သူငယ်ချင်းများနှင့်အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်၍ အတန်းသို့တင်ပြပါ။**

(၁) ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ

(၂) သူ့ကိုကိုယ်ဖျက် ကိုယ်ပင်ပျက်

(၃) ပျက်အစဉ် ပြင်ခဏ

(၄) ကတိသစ္စာ၊ တည်သောခါဝယ်၊ ဩဇာလေးနက်၊ ပေါ် ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏။

**အဓိကအချက်များ**

- လူအများက ယုံကြည်ကိုးစားနိုင်သူဟူသည် ရိုးသား၍ အမှန်စကားကိုသာ ပြောဆိုပြီး၊ အပြောနှင့်အလုပ်ညီ၍ ကတိတည်သူကို ဆိုလိုခြင်းဖြစ်သည်။
- တစ်ဦးနှင့်တစ်ဦးကြား ယုံကြည်ကိုးစားမှု တည်ဆောက်နိုင်ရန် ရိုးသားမှု၊ ကတိတည်မှု၊ သစ္စာရှိမှုနှင့် စိတ်ထားဖြူစင်မှုတို့သည် မရှိမဖြစ်လိုအပ်ပါသည်။

**အောက်ပါမေးခွန်းများကို လက်တွေ့ဘဝနှင့်ချိတ်ဆက် ဖြေဆိုပါ။**

(၁) သင့်ပတ်ဝန်းကျင်တွင်အများက ယုံကြည်ကိုးစားနိုင်သည်ဟု လက်ခံထားသူတစ်ဦးကို မြင်ဖူးပါသလား။ မည်သည့်အရည်အသွေးများရှိခြင်းကြောင့် ထိုသူကို ယုံကြည်ကိုးစားနိုင်သူဟု သင်ထင်မြင်မိကြောင်း အကြောင်းပြချက်ပေးပါ။

(၂) မိမိကို အများက ယုံကြည်ကိုးစားနိုင်သောသူတစ်ဦးဖြစ်သည်ဟု ယူဆပါသလား။ အဘယ်ကြောင့်နည်း။

## သင်ခန်းစာ (၁.၃) သက်ကြီးရွယ်အိုများကို ရိုသေလေးစားခြင်းနှင့် မသန်စွမ်းသူများကို အလေးထားဆက်ဆံခြင်း

ကျောင်းသားများသည် ရိုသေလေးစားခြင်းနှင့် ပတ်သက်၍ အခြေခံပညာအလယ်တန်းအဆင့်တွင် လေ့လာခဲ့ကြပြီးဖြစ်သည်။ သက်ကြီးရွယ်အိုများကို ရိုသေလေးစားခြင်းနှင့် မသန်စွမ်းသူများကို အလေးထားဆက်ဆံရမည်ဖြစ်ကြောင်း ယခုအတန်းတွင် ဆက်လက်လေ့လာ သင်ယူကြရမည်ဖြစ်သည်။ မိမိတို့နေ့စဉ်ဘဝတွင် အသုံးပြုနေကြသော ဆုံးမစာ၊ ဆိုရိုးစကား၊ စကားပုံများနှင့်အညီ သိရှိလိုက်နာ ကျင့်သုံးရန်လည်း လိုအပ်ပါသည်။

**အောက်ပါဖြစ်ရပ်များကို လေ့လာ၍ မေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။**

**ဖြစ်ရပ် (၁)**

ကိုမျိုးသည်အတန်းထဲတွင် စာတော်သော်လည်း ဖော်ရွေမှုမရှိသဖြင့် အပေါင်းအသင်းနည်းပါးသည်။ ကိုစိုးသည် ကူညီတတ်သောကြောင့် အတန်းထဲတွင် ခင်မင်သူများပါသည်။ ကိုမျိုးနှင့် ကိုစိုး တစ်နေ့ ကျောင်းမှအိမ်သို့ပြန်သောလမ်းတွင် အဘွားအိုတစ်ဦး ရုတ်တရက် ချော်လဲကျသွားသည်ကို မြင်သောအခါ ကိုစိုးက အဘွားအို လဲကျနေရာသို့ အပြေးသွား၍ ထူပေးသော်လည်း ကိုမျိုးက မသိကျိုးကျွန်ပြု၍ ရှေ့သို့ဆက်သွားခဲ့သည်။ ထိုအခါ ကိုစိုး က"ကိုမျိုး၊ ငါတစ်ယောက်တည်း အဘွားကိုထူပြီး ဆေးခန်းကို ပို့ဖို့မဖြစ်နိုင်ဘူး၊ မင်း ကူညီမှရမယ်။" ဟုပြောသည်။ ကိုမျိုးသည် အချိန်အနည်းငယ်ကြာရပ်၍ စဉ်းစားပြီးမှ "အေးကွာ၊ ကူညီသင့်တယ်၊ ကူညီမယ်။" ဟုပြန်ပြောကာ သူငယ်ချင်းနှစ်ယောက် အဘွားကိုထူ၍ ဆေးခန်းသို့ ပို့ပေးခဲ့သည်။ အဘွားအိုကို လူငယ်လေးတွေနဲ့တွေ့တာ အဘွားသိပ်ကံကောင်းတယ်။ အဘွားကို ကူညီပြီး ဆေးခန်းပို့ပေးလို့ ကျေးဇူးတင်ပါတယ်ကွယ်။" ဟု ပြောခဲ့သည်။

(က) ကိုစိုးကြောင့်ကိုမျိုး၏ စိတ်ထားပြောင်းလဲသွားသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

(ခ) ကိုမျိုးသည် အဘွားအို၏ပြောစကားကို ကြားလိုက်ရသည့်အတွက် မည်သို့ခံစားရမည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

**ဖြစ်ရပ် (၂)**

ဦးဘနှင့် ဒေါ်မြတို့တွင် ပိုးပိုးဟုခေါ်သော သမီးလေး တစ်ယောက်ရှိသည်။ ပိုးပိုးသည် အလွန်ချစ်စရာကောင်းသော်လည်း သူ၏ခြေချောင်းလေးများသည် မွေးရာပါတိုနေသည်။ သို့သော် သူသည် ဘဝကိုအရှုံးမပေးဘဲ အတန်းအစဉ်အဆက် စာကြိုးစားသူတစ်ဦးလည်း ဖြစ်သည်။ သူသည် တက္ကသိုလ်ဝင်ခွင့် ဖြေဆိုပြီးနောက် သူ့အိမ်တွင် အိမ်နီးချင်း ကလေးများအတွက် အခမဲ့စာသင်ဝိုင်းလေး ပြုလုပ်ခဲ့ပါသည်။ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲတွင် ဂုဏ်ထူး၃ဘာသာဖြင့် အောင်မြင်ပြီးသော်လည်း အဝေးသင်တက္ကသိုလ်ကိုသာ တက်ရောက်ခဲ့ပြီး သူ၏အိမ်အနီးရှိ မူလတန်းကျောင်းလေးတွင် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ပါသည်။



DRE BOX Copyright Protected

(က) ပိုးပိုးသည် စိတ်ပျက်အားငယ်နေသူတစ်ဦး ဖြစ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။
(ခ) ပိုးပိုး၏ အတုယူဖွယ်ကောင်းသော အချက်များကို ဖော်ပြပါ။

**မိမိတို့လေ့လာသိရှိခဲ့ဖူးသော အသက်အရွယ်ကြီးသူများကို ရိုသေလေးစားမှုနှင့်ဆိုင်သည့် ဆုံးမစာ၊ ဆိုရိုးစကား၊ စကားပုံတို့၏ အဓိပ္ပာယ်များအကြောင်းကို သူငယ်ချင်းများနှင့်အုပ်စုလိုက် ဆွေးနွေး ဖော်ထုတ်၍ အတန်းသို့ တင်ပြပါ။**

**မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ (Paralympics) ပေါ်ပေါက်လာပုံ**

အားကစားလောကတွင် ဦးစားပေး အလေးထားလာသည့် အသွင်သဏ္ဌာန်တစ်ခုမှာ မသန်စွမ်းသူများ အားကစားပွဲများတွင် ပါဝင်ခွင့်ရရှိလာခြင်းပင် ဖြစ်သည်။ ဒုတိယကမ္ဘာစစ် မတိုင်မီက မသန်စွမ်းသူအားကစားသမားများအတွက် အားကစားပြိုင်ပွဲများတွင် ပါဝင်ခွင့် မရရှိခဲ့ပေ။ ၁၉၄၈ ခုနှစ် အင်္ဂလန်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်း ကျောရိုးနာဗ်ကြော ထိခိုက်ဒဏ်ရာရသူ စစ်သားများအတွက် အားကစားပြိုင်ပွဲများ စတင်ဖော်ဆောင်ခဲ့ရာမှ မသန်စွမ်းအိုလံပစ်အားကစားပွဲများ စတင်ပေါ်ပေါက်လာခဲ့သည်။ မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ (Paralympics) ဟူသည် ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရသူများကို ပါဝင်စေလိုသော ဆန္ဒပေါ်တွင် အခြေတည်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ဗြိတိသျှ အားကစားသမားများနှင့်အတူ နယ်သာလန်နိုင်ငံမှ အားကစားသမားများက မသန်စွမ်းအိုလံပစ်အားကစားပွဲများတွင် ပါဝင်ဆင်နွှဲခဲ့သည်။ မသန်စွမ်းအိုလံပစ်အားကစားပွဲများကို ၁၉၆၀ပြည့်နှစ်မှစ၍ ၄နှစ်တစ်ကြိမ် ပုံစံမျိုးဖြင့် ကျင်းပခဲ့ကြသည်။ ကမ္ဘာ့လူဦးရေ၏ ၁၀%ခန့်ရှိသော မသန်စွမ်းသူများအတွက် အားကစားအခွင့်အရေးကို အပန်းဖြေကစားခြင်းမှ ကျောင်းတွင်း အားကစားပြိုင်ပွဲ၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများအထိ တိုးချဲ့ပေးလာခဲ့သည်။ မသန်စွမ်းသူများအတွက် အားကစားပွဲ များကို ထောက်ပံ့ပေးသောအဖွဲ့အစည်းများစွာလည်း ရှိပါသည်။ ၂၀၀၁ ခုနှစ်မှစ၍ အပြည်ပြည် ဆိုင်ရာ မသန်စွမ်းအိုလံပစ်အားကစားကော်မတီက မသန်စွမ်းအားကစားပြိုင်ပွဲများကို ကမ္ဘာ့မြို့ အသီးသီးတွင် ကျင်းပရန်သဘောတူခဲ့ကြသည်။ ယခုအခါတွင် မသန်စွမ်းအားကစားပြိုင်ပွဲများကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအိုလံပစ်ကော်မတီက ဦးဆောင်ပြီးအခြားသော အိုလံပစ်အားကစားပွဲများ နည်းတူကျင်းပနေခြင်း ဖြစ်သည်။

DBE BOX Copyright Protected

**အောက်ပါတို့မှ အမှန်ရွေးပါ။**

(၁) မသန်စွမ်းသူများအတွက်ကျင်းပသည့် မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ (Paralympics)ကို
(က) အမေရိကန်
(ခ) ရုရှား
(ဂ) အင်္ဂလန် နိုင်ငံတွင် စတင်ခဲ့ပါသည်။

(၂) ၄နှစ်တစ်ကြိမ်ပုံစံမျိုးဖြင့် ကျင်းပသည့် မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲများကို
(က) ၁၉၄၈
(ခ) ၁၉၅၂
(ဂ) ၁၉၆၀ ခုနှစ်တွင် စတင်ခဲ့ပါသည်။

(၃) ဘီးတပ်ကုလားထိုင် အသုံးပြုသောသူနှင့် စကားပြောဆိုသောအခါ သင်သည်
(က) သူ့အနားတွင် ဒူးညွတ်၍ပြောရမည်။
(ခ) သူ့အနားတွင် မတ်တတ်ရပ်ပြောရမည်။
(ဂ) ခုံကိုဆွဲ၍ ပြောရမည်။

**အောက်ပါတို့ကိုဆွေးနွေး ဖြေဆိုပါ။**

(၁) မသန်စွမ်းအားကစားပြိုင်ပွဲများကို အဘယ်ကြောင့် ပြုလုပ်ကြသနည်း။

(၂) မသန်စွမ်းအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူး ရရှိလာနိုင်သနည်း။

**အဓိကအချက်များ**

- သက်ကြီးရွယ်အိုများကို စာနာနားလည်မှုဖြင့် ပိုမိုလေးစားစောင့်ရှောက်သင့်သည်။
- မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ (Paralympics) ဟူသည် ရုပ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရသူများကို ပါဝင်စေလိုသော ဆန္ဒပေါ်တွင် အခြေတည်ခဲ့ခြင်းဖြစ်ပြီး မသန်စွမ်းသူများအတွက် အလေးထားဆက်ဆံမှုကို ဖော်ပြခြင်းဖြစ်သည်။

**သင့်ပတ်ဝန်းကျင်တွင်ရှိသော သက်ကြီးရွယ်အိုများကိုဖြစ်စေ၊ မသန်စွမ်းသူများကို ဖြစ်စေ သင်မည်ကဲ့သို့ အလေးထား၊ ဦးစားပေး ဆက်ဆံခဲ့သည်ကို ဥပမာပေး၍ အုပ်စုလိုက် ဆွေးနွေးတင်ပြပါ။**

DRE BOX - Copyright Protected

## သင်ခန်းစာ (၁.၄) လုံ့လဝီရိယအားကိုး လူသားအကျိုး

အသက်ကြီးသည်ဖြစ်စေ၊ အသက်ငယ်သည်ဖြစ်စေ မိမိသည်သာ မိမိကိုးကွယ်ရာဆိုသည့်အတိုင်း ကိုယ့်လုံ့လဝီရိယသည်သာ ကိုယ့်အားကိုးရာဖြစ်ပါသည်။ လူသားတစ်ဦးတွင် ဇွဲ၊ လုံ့လဝီရိယ၊ မှန်ကန်သောဆုံးဖြတ်ချက်နှင့် သတ္တိတို့ပေါင်းစပ်နိုင်မှသာလျှင် မိမိလိုချင်သည့် ရည်မှန်းချက်ကို ရောက်ရှိနိုင်ပါသည်။ လုံ့လဝီရိယနှင့် အသိလိမ္မာပညာရှိခြင်းသည် မိမိကိုယ်ကျိုးအတွက်သာမက အများကောင်းကျိုးကိုလည်း သယ်ပိုးနိုင်မည်ဖြစ်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

**လုံ့လဝီရိယ**

လုံ့လဝီရိယဆိုသည်မှာ အခက်အခဲ၊ အတားအဆီးများနှင့် ရင်ဆိုင်ရသော်လည်း ရည်မှန်းချက်ပန်းတိုင်ရောက်အောင် မဖြစ်မနေ ကြိုးစားအားထုတ်မှု ဖြစ်သည်။

> "ဃရာဝါသ၊ သမ္ဘာဓဟု၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြနှယ်မြေးသား၊ လူရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ္မာအတတ်၊ ချားရဟတ်သို့၊ လည်ပတ်ပြီးမှ၊ ကြံတွက်ဆ၍၊ လုံ့လပင်စည်၊ အရင်းတည်လျက်၊ ခက်ရှည်ပညာ၊ ချမ်းသာအသီး၊ ကြီးစရွှေ့ရွှေ့၊ အခလေ့ဖြင့်၊ မမေ့မကျန်၊ လူမှုပွန်လျက်၊ စောင်မာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍၊ နှလုံးသန့်စင် ကြည်စေမင်း။"
>
> (လောကသာရပျို့ ၁၆)

**လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်မှုကြောင့် မိမိအကျိုးသာမက အများအကျိုးကိုပါ သယ်ပိုးခဲ့သည့် ထင်ရှားသူများ အကြောင်းကို အုပ်စုလိုက် စဉ်းစား ဖော်ထုတ်ပါ။**

**ထင်ရှားသူ**

- အမည်၊ ဘဝဇာတ်ကြောင်းအကျဉ်း
- စိတ်နေသဘောထား၊ လုပ်ဆောင်မှု
- မည်ကဲ့သို့ကြိုးစားအားထုတ်ခဲ့ပုံ

**အဓိကအချက်**

- လူသားတစ်ဦးတွင် ဇွဲ၊ လုံ့လဝီရိယ၊ မှန်ကန်သောဆုံးဖြတ်ချက်နှင့် သတ္တိတို့ပေါင်းစပ်နိုင်မှသာလျှင် မိမိလိုချင်သည့် ရည်မှန်းချက်ကို ရောက်ရှိနိုင်ပါသည်။

DBE BOX - Copyright Protected

**လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်မှုကြောင့် မိမိအကျိုးသာမက အများအကျိုးကိုပါ သယ်ပိုးခဲ့သည့် ထင်ရှားသူများအကြောင်း ဆွေးနွေးထားပုံကို အောက်ပါဇယားအား အသုံးပြု၍ အကဲဖြတ်ပါ။**

| အကဲဖြတ်စံ / အကဲဖြတ်သည့် အကြောင်းအရာ | ကောင်းမွန်သည်။ | သင့်တင့်သည်။ | ကြိုးစားရန်လိုအပ်သည်။ |
|---|---|---|---|
| ဘဝဇာတ်ကြောင်းအကျဉ်းချုပ်ကို ပိုင်နိုင်စွာ ပြောဆိုနိုင်မှု | | | |
| လုံ့လဝီရိယဖြင့်ကြိုးစားအားထုတ်မှုကြောင့် အများအကျိုးသယ်ပိုးနိုင်ပုံကို ပေါ်လွင်စွာ ပြောဆိုနိုင်မှု | | | |
| အဖွဲ့ဝင်အချင်းချင်းညီညွတ်စွာ ရှာဖွေပူးပေါင်းဆောင်ရွက်နိုင်မှု | | | |

## သင်ခန်းစာ (၁.၅) ပေးကမ်းမျှဝေ ချီးမြှင့်လေ

မြန်မာတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်ကြင်နာမှုရှိခြင်း၊ ရိုသေလေးစားမှုရှိခြင်း၊ စာနာနားလည်ခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများရှိရုံသာမက သဒ္ဓါတရားထက်သန်စိတ်ဖြင့် ပေးကမ်းမျှဝေတတ်သည့် အရည်အသွေးလည်း ရှိကြပါသည်။ ပေးကမ်းမျှဝေခြင်းဟု ဆိုရာ၌ ငွေကြေးနှင့် ရုပ်ဝတ္ထုပစ္စည်းများ ပေးဝေခြင်း၊ သူတစ်ပါးတို့၏ ကောင်းကျိုး စီးပွားကို လိုလားခြင်းဟူသော မေတ္တာ၊ စိတ်အားငယ်နေသူတစ်ဦးကို အားပေးစကားပြောကြားခြင်း ဟူသော ကရုဏာစသည်တို့လည်း အကျုံးဝင်ပါသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

**ပေးကမ်းမျှဝေခြင်း**

ပေးကမ်းမျှဝေခြင်းဆိုသည်မှာ မည်သည့်အရာကိုမျှ ပြန်လည်ရယူရန် မျှော်လင့်ခြင်းမရှိဘဲ မိမိစိတ်အားထက်သန်မှုအရ ပေးကမ်းခြင်းကိုဆိုလိုပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ပေးကမ်းမျှဝေခြင်းတွင် ငွေကြေး၊ ရုပ်ဝတ္ထုပစ္စည်းများ ပေးဝေခြင်းအပြင် တစ်ပါးသူတို့၏ စိတ်ပိုင်းဆိုင်ရာ သိမ်ငယ်မှုများကို ပပျောက်ပြီး စိတ်ပျော်ရွှင်မှုရရှိစေရန် မိမိတွင်ရှိနေသော စာနာနားလည်မှုနှင့်မေတ္တာတရားများကို မျှဝေခြင်းပင်ဖြစ်သည်။

DBE BOX - Copyright Protected

**အောက်ပါလုပ်ငန်းများအနက် မိမိဒေသအခြေအနေအရ နှစ်သက်ရာလုပ်ငန်းတစ်ခုကိုသာ ဆောင်ရွက်ပါ။**

**စေတနာထက်သန်မှု၊ ပေးကမ်းမျှဝေခြင်းနှင့်ဆိုင်သော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်များမှ ကျောင်းသားများ စုဆောင်းလာသည့် သတင်း၊ ဆောင်းပါးများကို (ဖြတ်၊ညှပ်၊ကပ်) ပြုလုပ်ကာ အုပ်စုလိုက် (ပိုစတာ)ကားချပ်တစ်ခုစီ ဖန်တီးပါ။ ပြီးလျှင် အဖွဲ့အသီးသီးသို့ တင်ပြပါ။**

**သို့မဟုတ်**

**မိမိကြားဖူးသော သို့မဟုတ် မိမိဒေသအတွင်းရှိလူမှုရေးအသင်းအဖွဲ့များသည် ပေးကမ်းမျှဝေခြင်းနှင့်ဆိုင်သော လူမှုရေးလုပ်ငန်းများကို မည်ကဲ့သို့အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းကို အဖွဲ့တစ်ဖွဲ့ထံ သွားရောက်လေ့လာပြီးအုပ်စုလိုက် ဆွေးနွေးတင်ပြပါ။**

**အောက်ပါစကားပုံများကို သင်မည်ကဲ့သို့နားလည်ပါသနည်း။ ပေးကမ်းမျှဝေခြင်းနှင့် ဆက်စပ်သော အခြားအဆိုအမိန့်၊ စကားပုံ၊ ဆိုရိုးစကားများ၏ အဓိပ္ပာယ်များကို သူငယ်ချင်းများနှင့် အုပ်စုလိုက် ဆွေးနွေးဖော်ထုတ်၍ အတန်းသို့တင်ပြပါ။**

(၁) ပေးကမ်းခြင်းသည် တောင်းခံခြင်းထက် မြတ်၏

(၂) တစ်ဦးမေတ္တာ တစ်ဦးမှာ

(၃) အလှူရေစက် လက်နှင့်မကွာ


**အဓိကအချက်များ**

- ပေးကမ်းမျှဝေခြင်း မည်သည့်အရာကိုမျှ မျှော်လင့်ခြင်းမရှိဘဲ မိမိစိတ်အားထက်သန်မှုအရ ပေးကမ်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။
- ပေးကမ်းမျှဝေခြင်းတွင် ငွေကြေး၊ ရုပ်ဝတ္ထုပစ္စည်းများအပြင် မေတ္တာတရား၊ စာနာနားလည်မှု၊ ကိုယ်ချင်းစာတရားစသည်တို့လည်း ပါဝင်ပါသည်။


**ပေးထားသောပုံတွင် ငွေကြေးနှင့် ရုပ်ဝတ္ထုပစ္စည်းများမဟုတ်သည့် အခြားသော ပေးကမ်းမျှဝေခြင်းများကို လက်တွေ့ဘဝတွင် မည်ကဲ့သို့သော အခြေအနေမျိုး၌ ယင်းတို့ကို အသုံးပြုသင့်ကြောင်း ဥပမာပေး ဆွေးနွေးဖော်ထုတ်ပါ။**

DBE BOX - Copyright Protected


## ငွေကြေးနှင့် ရုပ်ဝတ္ထုပစ္စည်းများမဟုတ်သည့် အခြားသော ပေးကမ်းမျှဝေခြင်း




**အခန်း(၁)တွင် သင်ယူခဲ့ရသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




DBE BOX - Copyright Protected




# အခန်း (၂)
# အခွင့်အရေးနှင့်တာဝန်

DBE BOS - Copyright Protected


နိုင်ငံသားတိုင်းသည် အခွင့်အရေး တန်းတူညီမျှ ရရှိစေရန်နှင့် တရားမျှတ လွတ်လပ်စွာနေထိုင်နိုင်ရန် လိုအပ်ပေသည်။ ကိုယ်ပိုင် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို မထိခိုက်ရန် လိုအပ်သည်။ မိမိတို့၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကဲ့သို့ အခြားသူများ၏ အခွင့်အရေး များနှင့် လွတ်လပ်ခွင့်များကိုလည်း တန်ဖိုးထားတတ်ရန်လိုအပ်သည်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် တရားမျှတခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ အများပြည်သူ အေးချမ်းသာယာခြင်းနှင့် အကျိုးစီးပွား ဖြစ်ထွန်းစေခြင်း အနှစ်သာရများလည်း ရရှိရန်လိုအပ်ပေသည်။

ဤအခန်းပြီးလျှင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင် နိုင်မည် ဖြစ်သည်။

- ကမ္ဘာ့ကုလသမဂ္ဂတွင် လက်မှတ်ရေးထိုးထားသော ပဋိညာဉ်များအနက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် အမျိုးသမီးများအားနည်း မျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ အချက်များကို သိရှိနားလည်၍ လူမှုဘဝတွင် ကျင့်သုံးတတ်မည်။

## သင်ခန်းစာ(၂.၁) လူသားဆိုင်ရာ အခွင့်အရေးများ

လူတိုင်းသည် လူသားဆိုင်ရာအခွင့်အရေးများ၊ လွတ်လပ်မှုများကို ခွဲခြားကန့်သတ်မှုမပါဘဲ ရပိုင်ခွင့်ရှိသည်။ ကလေးသူငယ်များသည် ကလေးသူငယ်ဥပဒေပါ ကလေးသူငယ်များ၏ အခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံခွင့်၊ ပါဝင်လုပ်ဆောင်ခွင့်တို့ကို ရရှိခံစားရန် ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တွင်ပါရှိသော အမျိုးသမီးအခွင့်အရေးများကို အကြွင်းမဲ့ရရှိခံစားခွင့်ရှိသည်။ ထို့အတူ လူသားအားလုံးသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အကြွင်းမဲ့ ရရှိခံစားခွင့်ရှိသည်။


**အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။**

- အခွင့်အရေးဆိုသည်မှာ အဘယ်နည်း။
- လွတ်လပ်ခွင့်ဆိုသည်မှာအဘယ်နည်း။

### ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း

**UNIVERSAL DECLARATION OF HUMAN RIGHTS**

အပိုဒ် (၁) လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူ ရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်။

အပိုဒ် (၂) လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာတိမြစ်၊ ပစ္စည်း ဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်းစသည့် ခွဲခြားမှုမျိုးမရှိစေဘဲ ဤကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့် အားလုံးကို ခံစားခွင့်ရှိသည်။ ထို့ပြင် လူတစ်ဦးတစ်ယောက် နေထိုင်ရာနိုင်ငံ သို့မဟုတ် နယ်မြေဒေသသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နယ်မြေဖြစ်စေ၊ ကုလသမဂ္ဂထိန်းသိမ်းစောင့်ရှောက်ခံ နယ်မြေဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာမရရှိသော နယ်မြေဖြစ်စေ သို့မဟုတ် အချုပ်အခြာအာဏာ တစ်စုံတစ်ရာ ကန့်သတ်မှုရှိသည့် နယ်မြေဖြစ်စေ ယင်း၏ နိုင်ငံရေး၊ တရားစီရင်ပိုင်ခွင့် သို့မဟုတ် နိုင်ငံတကာ အဆင့်အတန်းတစ်ခုခုကို အကြောင်းပြု၍ ခွဲခြားမှုမပြုလုပ်ရ။

အပိုဒ် (၃) လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှုရခွင့်ရှိသည်။

အပိုဒ် (၄) မည်သူ့ကိုမျှ ကျေးကျွန်အဖြစ် သို့မဟုတ် အစေအပါး အဖြစ်မပြုရ။ ကျွန်ပြုခြင်းနှင့် ကျွန်အရောင်းအဝယ်ပြုခြင်းပုံစံ အားလုံးကို ပိတ်ပင်တားမြစ်ရမည်။

DRE BOX - Copyright Protected

အပိုဒ် (၅) မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ဒဏ်ပေးခြင်းမပြုရ။

အပိုဒ် (၆) လူတိုင်းသည် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်။

အပိုဒ် (၇) လူအားလုံးတို့သည် ဥပဒေရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏ တန်းတူကာကွယ်စောင့်ရှောက်မှုကို မည်သည့်ခွဲခြားဆက်ဆံမှုမျှမရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်။ ဤကြေညာစာတမ်းကို ဖောက်ဖျက်၍ ခွဲခြားဆက်ဆံခြင်းမှလည်းကောင်း၊ ထိုသို့ခွဲခြားဆက်ဆံရန် လှုံ့ဆော်ခြင်းမှလည်းကောင်း၊ တူညီသော ကာကွယ်စောင့်ရှောက်မှုကို ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် (၈) လူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေအရ ၎င်းအားခံစားခွင့်ပြုထားသည့် မူလအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရလျှင် ထိုသူသည် စီရင်ပိုင်ခွင့်ရှိသော နိုင်ငံတော်ခုံရုံးများ၏ ထိရောက်သော ကုစားပေးမှုကို ရပိုင်ခွင့်ရှိစေရမည်။

အပိုဒ် (၉) မည်သူမျှ မတရားဖမ်းဆီးခြင်း၊ မတရားချုပ်နှောင်ခြင်း၊ မတရားပြည်နှင်ခြင်းမခံစေရ။

အပိုဒ် (၁၀) လူတိုင်းသည် ၎င်း၏အခွင့်အရေးနှင့် တာဝန်ရှိမှုများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ၎င်းအပေါ် ပြစ်မှုကြောင်းအရ စွပ်စွဲချက်ကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း လွတ်လပ်၍ ဘက်လိုက်မှုမရှိသော တရားရုံးတစ်ရပ်က အများပြည်သူရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို တန်းတူရည်တူအပြည့်အဝ ရပိုင်ခွင့်ရှိသည်။

အပိုဒ် (၁၁) (၁) ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခံရသော လူတိုင်းသည် စွပ်စွဲခံရသည့် ပြစ်မှုအတွက်ခုခံချေပရန်လိုအပ်သည့် အာမခံချက်ရှိသော၊ အများပြည်သူ ရှေ့မှောက်၌ စစ်ဆေးသော တရားရုံးက ဥပဒေနှင့်အညီ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်မှု မခံရမချင်း အပြစ်မဲ့သူဟူ၍ မှတ်ယူခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်။

(၂) ပြစ်မှုကျူးလွန်သည့်အချိန်တွင် ပြည်တွင်းဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာဥပဒေအရဖြစ်စေ လုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်သည် ပြစ်မှုမမြောက်ပါက ထိုလုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအတွက် မည်သူမျှ အပြစ်မရှိစေရ။ ပြစ်မှုကျူးလွန်သည့်အချိန်ကာလတွင် ထိုက်သင့်စေနိုင်သော ပြစ်ဒဏ်ထက် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကို ထိုက်သင့်စေခြင်း မရှိစေရ။

အပိုဒ် (၁၂) မည်သူမျှ မိမိ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စရပ်များတွင် မတရားဝင်ရောက် စွက်ဖက်ခြင်းကိုလည်းကောင်း၊ မိမိ၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုအား ပုတ်ခတ်ခြင်းကိုလည်းကောင်း မခံရစေရ။ လူတိုင်းသည် ထို

DRL BOX - Copyright Protected

သို့ ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ပုတ်ခတ်ခြင်းတို့မှ ဥပဒေအရ အကာအကွယ် ရပိုင်ခွင့်ရှိသည်။

အပိုဒ် (၁၃) (၁) လူတိုင်းတွင်နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာ ရွှေ့ပြောင်းခွင့်နှင့် နေထိုင်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် မိမိ၏ နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာပိုင်ခွင့်နှင့် မိမိ၏နိုင်ငံသို့ ပြန်လာပိုင်ခွင့်ရှိသည်။

အပိုဒ် (၁၄) (၁) လူတိုင်းသည် ဖိစီးနှိပ်စက်မှုမှ လွတ်ကင်းရန် အခြားနိုင်ငံများ၌ ခိုလှုံခွင့်ကို တောင်းခံပိုင်ခွင့်နှင့် ရရှိခံစားပိုင်ခွင့်ရှိသည်။

(၂) နိုင်ငံရေးနှင့်မပတ်သက်သည့် ပြစ်မှုများ၊ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် အခြေခံမူများကို ဆန့်ကျင်သော အပြုအမူများမှ အမှန်တကယ် ပေါ်ထွက်လာသည့် တရားစွဲဆိုသော အမှုများတွင် အထက်ပါ အခွင့်အရေးကို ကိုးကားအသုံးပြုခွင့် မရှိစေရ။

အပိုဒ် (၁၅) (၁) လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသား အဖြစ်ခံယူခွင့်ရှိသည်။

(၂) မည်သူမျှ မိမိ၏နိုင်ငံသားဖြစ်မှုကို မတရားရုပ်သိမ်းခြင်း မခံရစေရ။ မိမိ၏ နိုင်ငံသားဖြစ်မှု ပြောင်းလဲနိုင်သည့် အခွင့်အရေးကိုလည်း ငြင်းပယ်ခြင်း မခံရစေရ။

အပိုဒ် (၁၆) (၁) အရွယ်ရောက်ပြီးသော ယောကျ်ားနှင့်မိန်းမတို့တွင် လူမျိုး၊ နိုင်ငံသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာကို အကြောင်းပြု၍ ကန့်သတ်ချက် တစ်စုံတစ်ရာမရှိစေဘဲ ထိမ်းမြားလက်ထပ်ပိုင်ခွင့်နှင့် မိသားစု ထူထောင်ပိုင်ခွင့်ရှိသည်။ ၎င်းတို့သည် လက်ထပ်ရာတွင် လည်းကောင်း အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ်တွင် လည်းကောင်း၊ ကွာရှင်းပြတ်စဲသည့် အခါတွင် လည်းကောင်း တန်းတူရည်တူ အခွင့်အရေးများ ရခွင့်ရှိသည်။

(၂) သတို့သားနှင့် သတို့သမီးနှစ်ဦးနှစ်ဖက်တို့၏ လွတ်လပ်သော သဘောဆန္ဒ အပြည့်အဝ ရှိမှသာလျှင် ထိမ်းမြားလက်ထပ်ခြင်းပြုရမည်။

(၃)မိသားစုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအဖွဲ့ဖြစ်ပြီးလူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် (၁၇) (၁) လူတိုင်းတွင် မိမိတစ်ဦးချင်းသော်လည်းကောင်း၊ အခြားသူများနှင့် စုပေါင်း၍သော်လည်းကောင်း ပစ္စည်းဥစ္စာကို ပိုင်ဆိုင်ခွင့်ရှိသည်။

(၂) မည်သူမျှ မိမိပိုင်ပစ္စည်းဥစ္စာကို မတရားသိမ်းယူခြင်း မခံထိုက်စေရ။

အပိုဒ် (၁၈) လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ခွင့်၊ အများအမှန် ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကိုယ်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲခွင့်အပြင်၊ တစ်ဦးချင်းဖြစ်စေ၊ အများနှင့် စုပေါင်း

DBE BOX - Copyright Protected

၍ဖြစ်စေ မိမိ ကိုးကွယ်သည့်ဘာသာ သို့တည်းမဟုတ် သက်ဝင်ယုံကြည်မှုကို အများပြည်သူ ရှေ့မှောက်၌ဖြစ်စေ၊ သီးခြားဖြစ်စေ လွတ်လပ်စွာသင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်ခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် (၁၉) လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာ စွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို သတင်းမီဒီယာ တစ်ရပ်ရပ်မှ တစ်ဆင့် နယ်နိမိတ် အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် (၂၀) (၁) လူတိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့ကို လွတ်လပ်စွာ ကျင့် သုံးခွင့်ရှိသည်။

(၂) အဖွဲ့အစည်းတစ်ရပ်ရပ်တွင် ပါဝင်စေရန် မည်သူ့ကိုမျှ အတင်းအကျပ်မပြုရ။

အပိုဒ် (၂၁) (၁) လူတိုင်းတွင် မိမိနိုင်ငံ၏ အစိုးရအဖွဲ့အစည်း၌ တိုက်ရိုက်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် မိမိနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းဖြစ်ရန် တူညီသည့် အခွင့်အရေးရှိသည်။

(၃) အစိုးရအုပ်ချုပ်မှု အာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလ အပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်။

အပိုဒ် (၂၂) လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် လူမှုဘဝလုံခြုံရေး ရယူပိုင်ခွင့်ရှိသည့်ပြင်၊ မိမိနိုင်ငံ၏ ဖွဲ့စည်းမှုနှင့် အရင်းအမြစ်တို့အရ အမျိုးသားကြိုးပမ်းမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ရည်ကိုယ်သွေး လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိသည်။

အပိုဒ်(၂၃) (၁) လူတိုင်းတွင် အလုပ်လုပ်ပိုင်ခွင့်၊ မိမိနှစ်သက်ရာ အလုပ်အကိုင်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်၊ တရားမျှတ၍ အဆင်ပြေမှုရှိသော လုပ်ငန်းခွင် အခြေအနေများ ရပိုင်ခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ် ရပိုင်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် တူညီသော အလုပ်အတွက် တူညီသော လုပ်ခကြေးငွေကို ခွဲခြားမှု တစ်စုံတစ်ရာ မရှိစေဘဲ ရပိုင်ခွင့်ရှိသည်။

(၃) အလုပ်လုပ်သည့် လူတိုင်းတွင် မိမိနှင့်မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့် ထိုက်တန်သော ဘဝရပ်တည်မှုကို အာမခံနိုင်မည့် တရားမျှတ၍ လျော်ကန်သင့်မြတ်

DRE BOX - Copyright Protected

သော အခကြေးငွေရပိုင်ခွင့်ရှိသည်။ လိုအပ်လျှင် အခြားလူမှုရေး ကာကွယ်စောင့်ရှောက်မှုများကိုလည်း ဖြည့်စွက်ရရှိခံစားပိုင်ခွင့်ရှိသည်။

(၄) လူတိုင်းတွင် မိမိ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အလုပ်သမား သမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် ယင်းသမဂ္ဂများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

အပိုဒ် (၂၄) လူတိုင်းတွင် ကြောင်းကျိုးလျော်ညီစွာ ကန့်သတ်ထားသည့် အလုပ်ချိန်နာရီနှင့် လစာခံစားခွင့်ရှိသော အခါကာလ အားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များအပါအဝင် အနားယူခွင့်နှင့် အားလပ်ခွင့်တို့ကို ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် (၂၅) (၁) လူတိုင်းတွင် အစားအစာ၊ အဝတ်အထည်၊ နေအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များ အပါအဝင် မိမိနှင့် မိမိ၏မိသားစု ကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လုံလောက်သည့် လူနေမှုအဆင့်အတန်းကို ရပိုင်ခွင့်ရှိသည်။ ထို့ပြင် အလုပ်လက်မဲ့ဖြစ်ခြင်း၊ကျန်းမာရေးချို့တဲ့ခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ မုဆိုးမဖြစ်ခြင်း၊ အသက်အရွယ်အိုမင်းခြင်း သို့မဟုတ် မိမိမတတ်စွမ်းနိုင်သော အခြေအနေများကြောင့် အသက်မွေးဝမ်းကျောင်း မပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှု ရပိုင်ခွင့်ရှိသည်။

(၂) မိခင်ဘဝနှင့် ကလေးသူငယ်ဘဝတို့တွင် အထူးစောင့်ရှောက်မှုနှင့် ကူညီမှုကိုရပိုင်ခွင့်ရှိသည်။ တရားဝင် လက်ထပ်၍ဖြစ်စေ၊ တရားဝင်လက်မထပ်ဘဲဖြစ်စေ၊ မွေးဖွားလာသော ကလေးအားလုံးသည် တူညီသော လူမှုကာကွယ်စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။

အပိုဒ် (၂၆) (၁) လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်။ ပညာသင်ကြားရေးသည် အနည်းဆုံး မူလတန်းနှင့် အခြေခံအဆင့်တို့တွင် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရဖြစ်ရမည်။ စက်မှုလက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာများကို လူအများသင်ယူနိုင်စေရမည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်းပေါ် အခြေခံ၍ အားလုံးတန်းတူရည်တူ ရရှိစေရမည်။

(၂) ပညာရေးကို လူသားတို့၏ ကိုယ်ရည်ကိုယ်သွေးအပြည့်အဝဖွံ့ဖြိုးစေရန်နှင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ပိုမိုလေးစားလာစေရန် ဦးတည်သင်ကြားစေရမည်။ပညာရေးသည် နိုင်ငံအားလုံးအတွင်း၊ လူမျိုး သို့မဟုတ် ဘာသာရေးဆိုင်ရာ အုပ်စုများအတွင်း နားလည်မှု၊ သည်းခံမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ မြှင့်တင်ရမည်ဖြစ်ပြီး ငြိမ်းချမ်းရေး ထိန်းသိမ်းမှုအတွက် ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များကို တိုးမြှင့်စေရမည်။

(၃) မိမိတို့၏ ကလေးပညာရေးကို ရွေးချယ်ရာ၌ မိဘတို့တွင် လက်ဦးအခွင့်အရေးရှိသည်။

DPF BOX - Copyright Protected

အပိုဒ် (၂၇) (၁) လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဘဝ၌ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်၊ အနုပညာကို လွတ်လပ်စွာ ခံစားခွင့်နှင့် သိပ္ပံပညာ တိုးတက်မှုနှင့် ၎င်း၏ အကျိုးရလဒ်များကို လွတ်လပ်စွာ မျှဝေခံစားခွင့်ရှိသည်။

(၂) လူတိုင်းတွင် မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်ဖန်တီး ထုတ်လုပ်သော သိပ္ပံပညာမှဖြစ်စေ၊ စာပေမှဖြစ်စေ၊ အနုပညာမှဖြစ်စေ ဖြစ်ထွန်းလာသည့် ဂုဏ်နှင့်ရုပ်ဝတ္ထုအကျိုးကျေးဇူးများကို ကာကွယ်မှု ရပိုင်ခွင့်ရှိသည်။

အပိုဒ် (၂၈) လူတိုင်းသည် ဤကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည့် လူမှုရေးစနစ်နှင့် နိုင်ငံတကာဆက်ခံရေး စနစ်တစ်ရပ်ကို ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် (၂၉) (၁) လူတိုင်းသည် မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို လူ့အသိုက်အဝန်း အတွင်း၌သာ လွတ်လပ်ပြည့်ဝစွာ ဖွံ့ဖြိုးစေနိုင်သည်ဖြစ်၍ ယင်းအသိုက်အဝန်းအပေါ် တာဝန်ရှိသည်။

(၂) မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍လေးစားရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့် ရှိသည်။

(၃) အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သည့်ကိစ္စတွင်မျှ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ဆန့်ကျင်၍ ကျင့်သုံးခြင်းမပြုရ။

အပိုဒ် (၃၀) နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ၊ လူတစ်စုအတွက်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ ဤကြေညာစာတမ်းပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်လျက် တစ်စုံတစ်ခုသော ဆောင်ရွက်ချက်တွင် ပါဝင်ရန် သို့မဟုတ် ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟူ၍ ဤကြေညာစာတမ်းပါ စာသားတစ်ရပ်ရပ်ကို အဓိပ္ပာယ် ကောက်ယူခြင်းမရှိစေရ။

အထက်ပါ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များကိုလေ့လာ၍ မည်သည့်အချက်များသည် အခွင့်အရေး၊ မည်သည့်အချက်များသည် လွတ်လပ်ခွင့်ဖြစ်သည်ဟု သင်ထင်မြင်ပါသနည်း။

DBE BOX - Copyright Protected

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း
## CONVENTION ON THE ELIMINATION OF ALL FORMS OF DISCRIMINATION AGAINST WOMEN (CEDAW)

**အပိုဒ် (၁) "အမျိုးသမီးများအား ခွဲခြားမှု" စကားရပ်၏ အဓိပ္ပာယ်သတ်မှတ်ချက်**

"အမျိုးသမီးများအား ခွဲခြားမှု" စကားရပ်သည် အမျိုးသား၊ အမျိုးသမီးတန်းတူ၊ ညီမျှမှုပေါ် အခြေခံ၍ လူ့အခွင့်အရေးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု မြို့ပြ သို့မဟုတ် အခြား နယ်ပယ်များတွင် ပြုမူထိခိုက်စေသည့် သို့မဟုတ် ပျက်ယွင်းရန် ဖြစ်စေ၊ ပျက်ပြယ်စေရန်ဖြစ်စေ ရည်ရွယ်ချက်ရှိသည့် မည်သည့်ခွဲခြားခြင်း၊ တားဆီး ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကိုမဆို ဆိုလိုသည်။

**အပိုဒ် (၂) မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်**

အမျိုးသမီးများအား ခွဲခြားမှု ပပျောက်ရေး မူဝါဒတစ်ရပ်ကို အမျိုးသားဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ တည်ဆဲဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ ဓလေ့ထုံးစံများနှင့် အမူအကျင့်များကို ပြောင်းလဲရေး သို့မဟုတ် ဖျက်သိမ်းရေးအတွက် ဥပဒေပြုရေး အပါအဝင် သင့်လျော်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

**အပိုဒ် (၃) လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ ကျင့်သုံးခံစားနိုင်ရန် အာမခံချက်ရှိရေး**

စာချုပ်ဝင် နိုင်ငံများသည် ဥပဒေပြုရေး အပါအဝင် သင့်လျော်သည့် နည်းလမ်းများဖြင့် နယ်ပယ်အားလုံးတွင် အထူးသဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အမျိုးသမီးများ အပြည့်အဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် အကျိုးရှိစေရေးအတွက် အာမခံရန်နှင့် အမျိုးသားများနှင့် တန်းတူရှိခြင်းအပေါ် အခြေခံလျက် ယင်းတို့ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို ကျင့်သုံးခံစားနိုင်စေရေး အာမခံချက်ရှိစေရမည်။

**အပိုဒ် (၄) အထူးအရေးယူ ဆောင်ရွက်မှုများကို ယာယီပြဋ္ဌာန်းရေး**

အမျိုးသားနှင့် အမျိုးသမီးအကြား အမှန်တကယ် တန်းတူညီမျှရန် ကြိုတင် ရည်ရွယ်၍ ဆောင်ရွက်သည့် စာချုပ်ဝင်နိုင်ငံများ၏ ယာယီအားဖြင့် ပြဋ္ဌာန်း၍ အထူးအရေးယူ ဆောင်ရွက်ချက်များသည် အမျိုးသမီးများအား ခွဲခြားသည်ဟု မှတ်ယူခြင်းမပြုရသော်လည်း မညီမျှသော သို့မဟုတ် သီးခြားအဆင့်အတန်းများ ထိန်းသိမ်းမှုကိုမူ အကျိုးဆက်အဖြစ် မည်သည့်နည်းနှင့်မျှ ဆက်ခံခြင်းမရှိစေရ၊ ဆောင်ရွက်ပြုလုပ်မှုခွဲခြားခြင်း၊ ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

DBE BOX - Copyright Protected

အပိုဒ် (၅) **ယောကျာ်း၊ မိန်းမ တစ်သမတ်တည်း – ပုံစံအခန်းကအတွေးအခေါ်အခြေပြုသည့် ဘက်လိုက်မှုများ**

လိင်အပေါ် အစွဲပြု၍ သိမ်ငယ် အားငယ်ခြင်း သို့မဟုတ် ကြီးစိုးလိုခြင်း သို့မဟုတ် ယောကျာ်းမိန်းမ တစ်သမတ်တည်း ပုံစံအခန်းကဏ္ဍ အတွေးအခေါ်အပေါ် အခြေပြုသည့်ဘက်လိုက်မှုများ ဓလေ့ထုံးတမ်းများနှင့် အခြားအမူအကျင့်များ ပပျောက်ရန် ရည်ရွယ်ချက်ဖြင့်အမျိုးသား၊ အမျိုးသမီး ဆက်ဆံမှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုပုံသဏ္ဌာန်များကို ပြောင်းလဲရန်နှင့် မိသားစုပညာပေးခြင်းတွင် မိမိတို့၏ ရင်သွေးကလေးသူငယ်များအားပြုစုပျိုးထောင် တိုးတက်ရေးတွင် အမျိုးသား၊ အမျိုးသမီးများ တူမျှစွာ တာဝန်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း သင့်လျော်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

အပိုဒ် (၆) **လူကုန်ကူးခြင်းနှင့် ပြည့်တန်ဆာလုပ်ငန်း**

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် လူကုန်ကူးခြင်းနှင့် အမျိုးသမီးများအား ပြည့်တန်ဆာလုပ်ငန်းဖြင့် ခေါင်းပုံဖြတ်ခြင်းတို့ ပပျောက်ရေးအတွက် ဥပဒေပြုရေး အပါအဝင် သင့်လျော်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

အပိုဒ် (၇) **နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်**

နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားမှု ပပျောက်ရန်အတွက် သင့်လျော်သည့် နည်းစုံဖြင့် အရေးယူ ဆောင်ရွက်ရမည်။ (ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိရေး၊ အစိုးရဌာန အဆင့်တိုင်းတွင်ပြည်သူ့လုပ်ငန်းတာဝန်အားလုံး ဆောင်ရွက်ရေး၊ ပြည်သူလူထု အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ရေး။)

အပိုဒ် (၈) **အပြည်ပြည်ဆိုင်ရာ အဆင့်တွင် အစိုးရကို ကိုယ်စားပြုသည့် အခွင့်အရေး**

အမျိုးသမီးများအား နိုင်ငံတကာအဆင့်တွင် ယင်းတို့၏ အစိုးရများကို ကိုယ်စားပြုသည့် အခွင့်အရေးများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင်ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် အခွင့်အရေးများရရှိစေရန် သင့်လျော်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ပေးရမည်။

အပိုဒ် (၉) **နိုင်ငံသား**

အမျိုးသားများနည်းတူ အမျိုးသမီးများအား ယင်းတို့၏ နိုင်ငံသားလူမျိုး၊ အဆင့်အတန်းရရှိရေးအတွက် တန်းတူ အခွင့်အရေးများကို ပေးအပ်ခွင့်ပြုရန်နှင့် ယင်းတို့၏ ရင်သွေး၏ နိုင်ငံသားလူမျိုးနှင့် စပ်လျဉ်း၍ တန်းတူအခွင့်အရေး ပေးရမည်။

DBE BOX - Copyright Protected

အပိုဒ် (၁၀) **ပညာရေးနယ်ပယ်**

ပညာရေးနယ်ပယ်တွင် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိစေရန် အလို့ငှာ အမျိုးသမီးများအား သင့်လျော်သည့်နည်းမျိုးစုံဖြင့် ပညာသင်ကြားရေးနှင့်အသက်မွေးဝမ်းကျောင်းမှုပညာနှင့် အားကစားနှင့် ကာယပညာများတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။

အပိုဒ် (၁၁) **အလုပ်လုပ်ကိုင်ရေး နယ်ပယ်**

အလုပ်လုပ်ကိုင်ရေးနယ်ပယ်တွင် အမျိုးသား အမျိုးသမီး တန်းတူညီမျှရေးအပေါ် အခြေခံ၍ ယင်းအခွင့်အရေးများကို ရရှိစေရန်နှင့် ထိမ်းမြားခြင်းသို့မဟုတ်မီးဖွားခြင်း အကြောင်းကြောင့် အမျိုးသမီးများအား ခွဲခြားမှုကို ကာကွယ်ရန်နှင့် ယင်းတို့အခြေအနေဖြင့် ထိရောက်စွာ အလုပ်လုပ်ပိုင်ခွင့် ရရှိစေရန်အတွက် ဥပဒေရေးဆွဲခြင်းကို အချိန်ကာလ အပိုင်းအခြားအလိုက် ပြန်လည်သုံးသပ်ရမည်။

အပိုဒ် (၁၂) **ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် သားဆက်ခြားမှု အစီအစဉ်**

ကျန်းမာရေးစောင့်ရှောက်မှု နယ်ပယ်တွင် သင့်လျော်သည့် နည်းလမ်းမျိုးစုံဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှုအပေါ် အခြေပြုလျက် သားဆက်ခြားမှု အစီအစဉ်ဆိုင်ရာ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

အပိုဒ် (၁၃) **စီးပွားရေးနှင့် လူမှုဘဝနယ်ပယ်**

စီးပွားရေးနှင့် လူမှုဘဝနယ်ပယ်များတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှ ရှိရေးအပေါ် အခြေပြုလျက် ရရှိရန်ဆောင်ရွက်ရမည်။ (မိသားစု အကျိုးရပိုင်ခွင့်၊ ချေးငွေချေးယူပိုင်ခွင့်၊ ပေါင်နှံခွင့်နှင့် အခြားငွေကြေးဆိုင်ရာ ရပိုင်ခွင့်များရှိစေရမည်။)

အပိုဒ် (၁၄) **ကျေးလက်ဒေသနေ အမျိုးသမီးများ**

ကျေးလက်ဒေသနေ အမျိုးသမီးများအား ခွဲခြားမှု ပပျောက်စေရန် သင့်လျော်သည့် နည်းလမ်းအားလုံးဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အကျိုးခံစားခွင့်ရရှိစေရန် ဤကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များကို အမျိုးသမီးများအားလည်း အကျုံးဝင် ကျင့်သုံးမှုရှိစေရေးအတွက် အာမခံချက်ပြုရန် သင့်လျော်သည့် နည်းလမ်းအားလုံးဖြင့် ဆောင်ရွက်ရမည်။

အပိုဒ် (၁၅) **ဥပဒေရေးရာတွင် တန်းတူညီမျှပေးမှု**

တရားမမှုများတွင် အမျိုးသားများနည်းတူ အမျိုးသမီးများအား ဥပဒေအရ စွမ်းဆောင်ပိုင်ခွင့်နှင့် ယင်းစွမ်းဆောင်ပိုင်ခွင့်ကို ကျင့်သုံးရန် တူညီသော အခွင့်အလမ်းများ ပေး



DBE BOX - Copyright Protected

ရမည်။ အမျိုးသမီးများ၏ ဥပဒေအရ စွမ်းဆောင်ပိုင်ခွင့်ကို ကန့်သတ်သည့် ဥပဒေရေးရာ အကျိုးသက်ရောက်စေသော ပဋိညာဉ်များနှင့် အခြားပုဂ္ဂလိက စာချုပ်စာတမ်းများ အမျိုးအစား အားလုံးသည် ပျက်ပြယ်သည်ဟု မှတ်ယူရမည့်အကြောင်းကို သဘောတူညီ ကြသည်။ ပုဂ္ဂိုလ်များ ပြောင်းရွှေ့မှု အမြဲနေရပ်နှင့် တရားဝင် နေထိုင်ရာအရပ်ကို လွတ်လပ်စွာ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ တန်းတူအခွင့်အရေးများ ပေးအပ်ရမည်။

**အပိုဒ် (၁၆) ထိမ်းမြားခြင်းနှင့် မိသားစုဆက်ဆံခြင်း**

ထိမ်းမြားခြင်း၊ မိသားစုဆက်ဆံခြင်းတို့နှင့် ပတ်သက်သမျှ ကိစ္စရပ် အားလုံးတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရန် ထိမ်းမြားရာတွင် အခွင့်အရေးတန်းတူရှိခြင်း အိမ်ထောင်ဖက်ရွေးချယ်ရာတွင် အခွင့်အရေးတန်းတူရှိခြင်းနှင့် လွတ်လပ်သောသဘော တူညီချက်အပြည့်အဝဖြင့် ထိမ်းမြားခွင့်ရှိခြင်း၊ ကလေးသူငယ် တစ်ဦးအား ထိမ်းမြားရန် ကြောင်းလမ်းခြင်းနှင့် ထိမ်းမြားခြင်းသည် ဥပဒေအကြောင်းအရ ဥပဒေ ပြဋ္ဌာန်းခြင်းအပါအဝင် လိုအပ်သော ဆောင်ရွက်ချက် အားလုံးကို ပြုလုပ်ရမည်။

**အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။**

(၁) သင်တို့ဒေသတွင် အမျိုးသမီးတိုင်း သတ်မှတ်ထားသည့် အခွင့်အရေးများရသည်ဟု ယုံကြည်ပါသလား။ အဘယ်ကြောင့်နည်း။

(၂) အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများ အခွင့်အရေးရရှိစေရန်မည်သို့ဆောင်ရွက်သင့်သနည်း။

**အဓိကအချက်များ**

- လူ့အခွင့်အရေးသည် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းတွင် တစ်ဦးချင်းစီဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ရန် လိုအပ်သော အခွင့်အရေးများဖြစ်သည်။
- လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးတို့ကို သိရှိနားလည်မှသာ မိမိတို့ရသင့်ရထိုက်သော အခွင့်အရေးများကို ခံစားနိုင်မည်။
- အမျိုးသမီးများ၏ အခွင့်အရေး၊ လွတ်လပ်ခွင့်နှင့် ပြည့်ဝသောတန်းတူညီမျှမှုကို လက်တွေ့ခံစားရရှိစေနိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ရမည် ။

DBE BOX Copyright Protected


**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

(၁) လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို မည်သို့ အကာအကွယ်ပေးနိုင်သနည်း။

(၂) အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ပပျောက်စေရန်အတွက် မည်သို့ဆောင်ရွက်ပေးသင့်သနည်း။

(၃) လူ့အခွင့်အရေး အပြည့်အဝရရှိစေရန် မည်သို့ဆောင်ရွက်သင့်သနည်း။

**အခန်း(၂)တွင် သင်ယူခဲ့ရသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




DBE BOX - Copyright Protected




# အခန်း (၃)
# စည်းကမ်းနှင့် ဥပဒေ

နိုင်ငံသားတိုင်းသည် စည်းကမ်းနှင့် ဥပဒေကို လေးစားလိုက်နာကြရမည်။ စည်းကမ်းတကျနေထိုင်တတ်သော အလေ့အကျင့်ကောင်းများကို မိသားစုနှင့် စာသင်ကျောင်းတွင် စတင်လေ့ကျင့်ခဲ့ကြရသည်။ နိုင်ငံသားတိုင်းက စည်းကမ်းနှင့် ဥပဒေကို လေးစားလိုက်နာမှသာ နိုင်ငံတော်သည် အေးချမ်းလုံခြုံပြီး တရားမျှတမှုရှိသည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာပေမည်။ နိုင်ငံသားကောင်းပီသရန်မှာ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ လူတစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် ကောင်းမွန်သည့် စီးပွားရေး၊ လူမှုရေးစနစ်များအတွက် အခိုင်အမာပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာကြရန် လိုအပ်ပေသည်။ ထိုဥပဒေများနှင့် နည်းဥပဒေများထဲမှ ဤအခန်းတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ အခွန်အကောက်ဆိုင်ရာ ဥပဒေတို့မှ သိသင့်သိထိုက်သော အချက်များကို လေ့လာကြမည်။

DBE ROZ - Copyright Protected

ဤအခန်းပြီးလျှင် ကျောင်းသားများသည် -

- ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်လာမည်။

## သင်ခန်းစာ (၃.၁) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ

အခြေခံပညာ အထက်တန်းဆင့် ကျောင်းသားတိုင်းသည် ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၂ ဖြင့် ပြဋ္ဌာန်းသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကို သိရှိနားလည် လိုက်နာကျင့်သုံးရန် အရေးကြီးသည်။ ဤဥပဒေတွင် အခန်း ၃၀ ပါရှိသည်။ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈နှစ် မပြည့်သေးသောသူကို ဆိုသည်ဟု ထိုဥပဒေတွင် သတ်မှတ်ထားသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမှ ကျောင်းသားများ သိသင့်သိထိုက်သော အချို့အချက်များကို ကောက်နုတ်ဖော်ပြမည်။

### ဥပဒေ ပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်

၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၏ ရည်ရွယ်ချက်မှာ -

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်များအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ် အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေး အပါအဝင် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဃ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များအား နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊

(င) ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန် ဖြစ်သည်။

### ကလေးသူငယ်၏အခွင့်အရေးများ

ဤဥပဒေအရ ကလေးသူငယ်တိုင်းရရှိမည့်အခွင့်အရေးများ

(က) အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးများရှိသည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ ခံစားခွင့်ရှိသည်။

(ဂ) မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါး အသက်ရှင်လျက်ရှိပါက ယင်းတို့နှင့်အတူ နေထိုင်ကြီးပြင်းရန် အခွင့်အရေးရှိသည်။

(ဃ) မည်သည့်အကြောင်းနှင့်မျှ ခွဲခြားဆက်ဆံခြင်းမခံရစေရ။

DRE BOX Copyright Protected

(င) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည်။

(စ) ကိုးကွယ်သည့် ဘာသာ၊ သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ၊ လူမှုရေး သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။

(ဇ) ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) မိမိတို့၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် စာပေများဖတ်ရှုနိုင်ခွင့် ၊ဗဟုသုတများ လေ့လာဆည်းပူးနိုင်ခွင့်၊ သတင်းများ ရယူနိုင်ခွင့်ရှိသည်။

(ည) အားလပ်ချိန်နှင့် ကစားချိန်များ ရပိုင်ခွင့်ရှိပြီး အသက်အရွယ်အလိုက်အားကစား လှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲခွင့်ရှိသည်။

(ဋ) ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသည်။

(ဌ) ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိပြီး ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာအတွက် ဥပဒေအရ အကာအကွယ် ရထိုက်ခွင့်ရှိသည်။

(ဍ) ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို အကြောင်းမဲ့ထိပါးခြင်း မခံရစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်ရှိသည်။

(ဎ) ပုဒ်မခွဲ (က) မှ (ဍ) အထိပါ အခွင့်အရေးများအပြင် ဤဥပဒေပါ ကလေးသူငယ်၏ အခြားအခွင့်အရေးများကို တန်းတူညီမျှစွာ ရရှိခံစားခွင့်ရှိသည်။

**ဥပဒေပါအခြားအခွင့်အရေးများ**

နိုင်ငံတော်အတွင်းမွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ မွေးဖွားခြင်းကို အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်။ ကလေးမွေးဖွားကြောင်းမှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်။ မွေးဖွားကြောင်းမှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်။

**ကလေးသူငယ်များလိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများ**

ကလေးသူငယ်များရပိုင်ခွင့်ရှိသည့် အခွင့်အရေးများရှိသကဲ့သို့ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများလည်းသတ်မှတ်ထားသည်။ ကလေးသူငယ်များသည် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာရမည် ဖြစ်ပါသည်။

(က) တရားဥပဒေကို စောင့်ထိန်းလိုက်နာခြင်း

(ခ) အသက်အရွယ်နှင့် ရင့်ကျက်မှု ရှိလာသည်နှင့်အမျှ မိဘ၊ အုပ်ထိန်းသူတို့၏ ဆုံးမသွန်သင်ပေးမှုကို လေးစားလိုက်နာကာ မိမိ၏ အခွင့်အရေးများကို လက်ခံကျင့်သုံးခြင်း

(ဂ) မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ဆရာမများ၏ သွန်သင်မှုကို ခံယူပြီး ပညာသင်ယူခြင်း



DBE BOX - Copyright Protected

(ဃ) ကျောင်းစည်းကမ်းနှင့် ရပ်ရွာစည်းကမ်းများကို လည်းကောင်း၊ လူမှုရေးစည်းကမ်းနှင့် ဘာသာရေးကျင့်ဝတ်များကိုလည်းကောင်း လေးစားလိုက်နာပြီး ရပ်ရွာအတွင်း တာဝန်သိသူတစ်ဦးအဖြစ် နေထိုင်ကျင့်ကြံခြင်း

(င) မိမိရပ်ရွာအသိုက်အဝန်း၏ ကောင်းမွန်သော အစဉ်အလာများ၊ တန်ဖိုးများ၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

(စ) အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်း သို့မဟုတ် အခြားအကျင့်စာရိတ္တပျက်ပြားဖွယ်ရာ အမူအကျင့်များမှ ရှောင်ကြဉ်ခြင်း။

**ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်းကို ခံစားခွင့်**

အသက် ၁၈ နှစ် မပြည့်သေးသော ကလေးသူငယ်အပေါ် မည်သူကမဆို တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ မပြုလုပ်ရ။ ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်းကိုလည်း ခံစားခွင့်ရှိသည်။

**ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း**ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား အောက်ပါ ပြုလုပ်မှုတစ်ခုခုပြုလုပ်ခြင်းကို ဆိုသည်။

(၁) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော နှိမ့်ချပြုမူဆက်ဆံမှု

(၂) ရိုက်နှက်ပြစ်ဒဏ်ပေးမှု အပါအဝင် တစ်နည်းနည်းဖြင့် အပြစ်ပေးမှု

(၃) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်မှု

**စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း**ဆိုသည်မှာ ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် မကြာခဏ မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ အလွဲသုံးခြင်း၊ စိတ်တွင် ကြိတ်မှိတ်ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်ပါသည်။

(၁) ကလေးသူငယ်ကို အကြိမ်ကြိမ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသောပြုလုပ်မှု

(၂) ကလေးသူငယ်ကို ကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အထီးကျန်ဖြစ်အောင် ပြုလုပ်ခြင်း၊ ဂရုမစိုက်ခြင်းတို့နှင့်ဆိုင်သည့် ပြုလုပ်မှု

(၃) အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် ဆိုးဝါးသော ဆက်ဆံမှုကို တွေ့မြင်ခံစားရစေခြင်း

(၄) ကလေးသူငယ်၏ လူ့ဂုဏ်သိက္ခာ ကျဆင်းစေနိုင်သည့်ပုံစံဖြင့် ထိန်းသိမ်းထားရှိခြင်း

(၅) စိတ်ပိုင်းဆိုင်ရာထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း

DREBOX - Copyright Protected

**လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း** ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မ တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်ထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်ခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတို့လည်းပါဝင်သည်။

(၁) ထိတွေ့ပွတ်သပ်ကိုင်တွယ်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် အတင်းအကျပ် ပြုလုပ်မှု

(၂) စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် အသုံးပြုခြင်း

(၃) အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ယက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း

(၄) အတင်းအကျပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း

## ပြစ်မှုကျူးလွန်သူနှင့် ထိုသူအပေါ်ဆောင်ရွက်မှု

ကလေးသူငယ်၏ ဆန္ဒပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အကျိုးအမြတ်အတွက် ကလေးသူငယ်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို လွှဲပြောင်းခြင်း သို့မဟုတ် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေခြင်း၊ ထိုသို့ ခိုင်းစေရန်အလို့ငှာ ရောင်းချခြင်း၊ ကမ်းလှမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် လက်ခံခြင်း ကျူးလွန်လျှင် ထိုသူအား ပြစ်မှုကျူးလွန်သူဟု မှတ်ယူရမည်။

ကလေးသူငယ်၏ အခွင့်အရေးတစ်ရပ်ရပ် ဆုံးရှုံးနစ်နာခြင်းနှင့် စပ်လျဉ်း၍ နစ်နာသူကလေးသူငယ် ကိုယ်တိုင်ကဖြစ်စေ၊ ကလေးသူငယ်၏ကိုယ်စား မိဘ၊ အုပ်ထိန်းသူကဖြစ်စေ၊ နီးစပ်ရာပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားရုံးသို့လည်းကောင်း တင်ပြတိုင်တန်းခွင့် ရှိသည်။

**အဓိကအချက်များ**

- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်၊ ကလေးသူငယ်၏ အခွင့်အရေးများ၊ ကလေးသူငယ်များလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးရမည် ဖြစ်ပါသည်။
- ကလေးသူငယ်တိုင်းသည် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း စသော အကြမ်းဖက်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်းကို ခံစားခွင့်ရှိသည်။

DBE BOX - Copyright Protected

**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

၁။ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေကို အဘယ်ကြောင့် ပြဋ္ဌာန်းရသနည်း။ ဆွေးနွေးပါ။

၂။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ သင့်တွင် မည်သည့်အခွင့်အရေးများရရှိခံစားရပြီး မည်သည့်အခွင့်အရေးများရရှိရန် လိုအပ်နေပါသနည်း။ ဆန်းစစ်ပါ။

၃။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေတွင်ပြဋ္ဌာန်းထားသောကလေးသူငယ်များ လိုက်နာရမည့်ကျင့်ဝတ် စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းမရှိပါက မည်သည့်အကျိုးဆက်များ ဖြစ်လာနိုင်ပါသနည်း။

## သင်ခန်းစာ (၃.၂) ရွေးကောက်ပွဲဆိုင်ရာ သိမှတ်စရာ

ရွေးကောက်ပွဲများသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပြီး ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာရေးအတွက် အဓိကကျပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဟူသော လွှတ်တော် ၃ ရပ်နှင့် အစိုးရအဖွဲ့ ဖွဲ့စည်းရပါမည်။ ထိုသို့ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပရခြင်းဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် လွှတ်တော်သက်တမ်းကို ၅ နှစ် သတ်မှတ်ထားသဖြင့် ရွေးကောက်ပွဲများကို ၅ နှစ် တစ်ကြိမ် ကျင်းပရခြင်းဖြစ်ပါသည်။

**ရွေးကောက်ပွဲဆိုင်ရာ သိမှတ်စရာ**

**လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခြင်း**

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

(ဂ) ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာတိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။

DRE BOX - Copyright Protected

**ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ**

(က) သာသနာ့ဝန်ထမ်းများ၊
(ခ) ထောင်ဒဏ်ကျခံနေရသူများ၊
(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခြင်းခံရသူများ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊
(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူများ။

**လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်**

(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။
(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။

**အသည်းကြားက မဲတစ်ပြား**

သံစဉ်စာသား ကိုအောင် — တေးဆို အိမ့်ချစ်

တို့ဆန္ဒအတိုင်း အနာဂတ်သစ်ကို တို့များပုံဖော်မလေ။
တို့ပြည်သူများ အခွင့်အရေးတစ်ရပ်မို့ မဲစာရင်းကြည့်စို့လေ။
သူငါရယ်မခွဲ အမှန်ဆုံးဖြတ်လို့ မဲပေးကြမယ်လေ။
တို့ဆန္ဒမဲ တို့အသည်းကြားက အမှန်တရားတွေ ပါစေ။
တို့တစ်အူထုံ့ဆင်း လက်ချင်းယှက်လို့ မဲပေးကြစို့လေ။
ဖြူစင်တဲ့တရား ရင်ထဲထား တို့အားလုံးတာဝန်လေ။
လာ လာ ညီအစ်ကိုများ မဲရုံကို သွားကြစို့လေ။
လာ လာ မောင်နှမများ မဲရုံကို သွားကြစို့လေ။
သူငါရယ်လို့ မခြား မှန်ကန်စွာနဲ့ မဲပေးကြမယ်။
(အသည်းကြားက မဲတစ်ပြား)၂
တို့ပြည်သူများ တန်ဖိုးထားပါ။
(အသည်းကြားက မဲတစ်ပြား)၂
ယုံကြည်ရာ တို့ရဲ့အခွင့်အရေး
တူညီအခွင့်အရေး
တို့တွေရဲ့သမိုင်း တို့မရိုင်းခဲ့ဖို့ တို့များကိုယ်စီလေ။
တို့တွေ အခွင့်အရေး တို့အသုံးချလို့ မဲပေးကြစို့လေ။
မှန်ကန်တဲ့တရား အစဉ်အလေးထား တို့အားလုံးချစ်တဲ့မြေ။



DBE BOX Copyright Protected

**အသည်းကြားက မဲတစ်ပြားသီချင်းတွင် ပါဝင်သော ဆန္ဒမဲပေးခြင်း၏ အရေးကြီးပုံကို ဆွေးနွေးပါ။**

**အဓိကအချက်များ**

- ရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာရေးအတွက် အဓိကကျသည်။
- ရွေးကောက်ပွဲများကို ၅ နှစ် တစ်ကြိမ်ကျင်းပသည်။
- အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

၁။ ရွေးကောက်ပွဲများသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။
၂။ မည်သူတို့သည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသနည်း။
၃။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများကို ဖော်ပြပါ။

## သင်ခန်းစာ (၃.၃) အခွန်အကြောင်း သိကောင်းစရာ

ကမ္ဘာဦးအစတွင် လူသားများအနေဖြင့် နေရာတစ်ခုတည်းတွင် အတည်တကျ အခြေချ နေထိုင်ခြင်းမရှိဘဲ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေထိုင်ရာမှ အုပ်စုဖွဲ့ပြီး တစ်နေရာတည်းတွင် အတည်တကျနေထိုင်ပြီး စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လာကြသည်။ အဆိုပါ လူအုပ်စုများသည် ၎င်းတို့ စိုက်ပျိုးမွေးမြူထုတ်လုပ်သောပစ္စည်းများမှ စားသုံးပြီး ပိုလျှံသည်များကို အခြားလူအုပ်စုများမှ ပိုလျှံသည့် ပစ္စည်းများနှင့် လဲလှယ်သုံးစွဲတတ်လာကြသည်။

ထိုသို့ လူအုပ်စုတစ်ခုနှင့်တစ်ခု ပစ္စည်းချင်းလဲလှယ်သုံးစွဲရန် ကူးသန်းသွားလာရာ၌ လူဆိုးဓားပြများ၏ လုယက်ခြင်း၊ အခြေတကျနေထိုင်သည့် နေရာများတွင် လူဆိုးဓားပြများ၏ ကျူးကျော်ခြင်းမှ ကာကွယ်ရန်နှင့် အုပ်စုတွင်းဖြစ်ပေါ်သည့်ပြဿနာများကို ဦးဆောင်ဖြေရှင်းရန် လူအများစုဝေးတိုင်ပင်ပြီး အုပ်စုခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်လာကြသည်။ ယင်းသို့ ရွေးချယ်တင်မြှောက်ခံရသည့် အုပ်စုခေါင်းဆောင်မှ အခြားသင့်လျော်သူများကို ခွဲဝေတာဝန်ပေးအပ်ခြင်းကြောင့် အုပ်ချုပ်ရေးစနစ် စတင်ပေါ်ပေါက်လာပြီး စောင့်ရှောက်ထိန်းသိမ်းခြင်းဟူသော တာဝန်ကို ထမ်းဆောင်ခဲ့ကြသည်။ ယင်းခေါင်းဆောင်နှင့် အုပ်ချုပ်ရေးအဖွဲ့များသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်နိုင်ခြင်းမရှိသဖြင့် အုပ်ချုပ်ခံလူထုက ၎င်းတို့စိုက်ပျိုးမွေးမြူထုတ်လုပ်ရရှိသော ပစ္စည်းထဲမှ ဆယ်ဖို့တစ်ဖို့၊ ဆယ်ပွင့်တစ်ပွင့်၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်လုံးတစ်လုံး ပေးအပ်ရန် သဘောတူဆောင်ရွက်ရာမှ အခွန်ကောက်ခံမှုစနစ်ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။



DBF BOX - Copyright Protected

အခွန်ကောက်ခံခြင်း စတင်ဖြစ်ပေါ်မှုသမိုင်းအစကို လေ့လာရာတွင် စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် အခွန်စတင်ထမ်းဆောင်ရခြင်းသည် ကမ္ဘာဦးမဟာသမ္မတမင်းလက်ထက်က စတင်ခဲ့သည်ဟု မြန်မာ ရာဇဝင်ကျမ်းများတွင် တွေ့ရှိရသည့်အပြင် ခေတ်အဆက်ဆက် မြန်မာမင်းများသည် ဆယ်ဖို့တစ်ဖို့ ဆယ်ခိုင်တစ်ခိုင်ဟူသော ဒသမဘာဂအခွန်ကို အစဉ်လာမပျက်ကောက်ခံခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ရှေးခေတ် ပဒေသရာဇ်မင်းများ လက်ထက်က အခွန်ကောက်ခံခဲ့ခြင်းမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ရည်ရွယ်ကောက်ခံခဲ့ခြင်းမဟုတ်ဘဲ အုပ်ချုပ်သူ လူတန်းစားအတွက် အသုံးစရိတ်ရရှိစေရန်နှင့် ပြည်တွင်းပြည်ပစစ်ပွဲများအတွက် အသုံးစရိတ်ကာမိရန် ကောက်ခံခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင်မူ နိုင်ငံတိုင်း၌ အခွန်ကောက်ခံခြင်းလုပ်ငန်းမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေပြီ ဖြစ်ပါသည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

**အခွန်**

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက်လည်းကောင်း၊ နိုင်ငံတော်အတွင်း လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ရန်အတွက်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ လိုအပ်သောဘဏ္ဍာငွေကို ဖြည့်တင်းနိုင်ရန် စုစည်းကောက်ခံသော ငွေကြေးဖြစ်ပါသည်။

**အခွန်ပေးဆောင်ရေးနှင့် ပတ်သက်သည့် အောက်ပါအကြောင်းအရာများကို လေ့လာဆွေးနွေးပါ။**

၁။ "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။"

၂။ "ကမ္ဘာပေါ်တွင် မည်သည့်အစိုးရမျှ ငွေမရှိဘဲ တိုင်းပြည်နိုင်ငံအုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက်မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သော အခွန်ဘဏ္ဍာများကို ကြည်သာပျူငှာစွာ ပေးဆောင်ခြင်းသည်ပင် လွတ်လပ်သောလူမျိုးအဖြစ်ကို ထင်ရှားစေသော မှတ်ကျောက်ဖြစ်ပေသည်။ အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့က မပေးဘဲငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်ခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံစီးပွားရေးကြီး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံးအနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သားလူထုပင်ဖြစ်သည်။"

**ဗိုလ်ချုပ်အောင်ဆန်း**

**(၁၉၄၇ မတ်လ ၂၁ ရက်နေ့ ည ၈နာရီ မိနစ် ၃၀ အချိန်တွင် မြန်မာ့အသံမှ အသံလွှင့်ခဲ့သော မိန့်ခွန်းကောက်နုတ်ချက်)**

DBE BOX - Copyright Protected

**အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်များ**


အခွန်ကောက်ခံခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရအတွက် အသုံးစရိတ်ကာမိစေရေး ဘဏ္ဍာငွေရရှိစေရန်နှင့် နိုင်ငံတော်၏ လူမှုရေးနှင့် စီးပွားရေးရည်ညွှန်းချက်များ အောင်မြင်ရန်ဖြစ်ပါသည်။ ထို့ပြင် အောက်ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း အခွန်ကောက်ခံခြင်း ဖြစ်ပါသည်။

(က) နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ် ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်းပေးရန်
(ခ) စားသုံးမှု၊ ရင်းနှီးမြုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်စနစ်ဖြင့် ထိန်းညှိပေးနိုင်ရန်
(ဂ) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူဖြစ်စေရန်
(ဃ) ဓနအင်အားမျှတစေရန်
(င) နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို အထောက်အကူဖြစ်စေရန်
(စ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်
(ဆ) အရက်၊ စီးကရက်စသော တားမြစ်လိုသည့် ကုန်စည်များကို အခွန်အကောက်စနစ်ဖြင့် ဟန့်တားနိုင်ရန်

**ကောက်ခံရရှိသည့် အခွန်ငွေများကို သုံးစွဲပုံ**

အခွန်ကောက်ခံခြင်းမှ ရငွေများကို နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် သုံးစွဲလျက်ရှိပါသည်။

**အခွန်ငွေများကို မည်သည့်ကဏ္ဍများတွင် သုံးစွဲနေသည်ကို ဆွေးနွေးဖော်ထုတ်ပါ။**




DBE BOX - Copyright Protected

**အဓိကအချက်များ**

- ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေ ဖြည့်တင်းနိုင်ရန် အခွန်ကောက်ခံရခြင်း ဖြစ်သည်။
- နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။
- အခွန်ကောက်ခံခြင်းမှရရှိသော ငွေများကို ပြည်သူအားလုံး၏ လူမှုရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအစရှိသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိသည်။


**အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုပါ။**

၁။ အခွန်ကောက်ခံခြင်းနှင့် မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်စပ်မှုကို သင်မည်ကဲ့သို့ နားလည်သနည်း။ သုံးသပ်တင်ပြပါ။

၂။ အခွန်ငွေသုံးစွဲပုံကို သင်သိသမျှ ဖော်ပြပါ။

၃။ 'ပြည်သူပြည်သားတို့ ငြိမ်းချမ်းစွာနေနိုင်ရေးသည် နိုင်ငံတော်အပေါ် တည်မှီသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် အစိုးရအဖွဲ့အပေါ် တည်မှီသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝင်ငွေအပေါ် တည်မှီသည်။ နိုင်ငံ့ဝင်ငွေသည် အခွန်ရငွေအပေါ် တည်မှီသည်။ အခွန်ရငွေသည် အခွန်ထမ်းပြည်သူများ အပေါ်တည်မှီသည်။ ပြည်သူပြည်သားတို့ ငြိမ်းချမ်းစွာနေနိုင်ရေးသည် အခွန်ထမ်းပြည်သူများအပေါ် တည်မှီသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အခွန်ကို တာဝန်ကျေပွန်စွာပေးဆောင်သင့်သည်။' ဟူသောအဆိုကို ဆွေးနွေးပါ။

**အခန်း (၃) တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




DBE BOX - Copyright Protected



# အခန်း (၄)
# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း

လူတစ်ဦးနှင့်တစ်ဦး အတွေးအခေါ်နှင့်အယူအဆ မတူညီနိုင်သကဲ့သို့ ပြုမူ ပြောဆိုမှုများလည်း မတူညီနိုင်ပေ။ အဆိုပါ မတူကွဲပြားမှုများကို နားလည်လက်ခံပြီး လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးသည် လူသားအားလုံးအတွက် အရေးကြီးသော တာဝန်တစ်ရပ်ပင် ဖြစ်သည်။ လူ့အဖွဲ့ အစည်းက လက်ခံယုံကြည်ထားသော ကျင့်ဝတ်များကို ကျင့်သုံးခြင်း၊ မိမိနှင့် အခြားသူများ၏ အခွင့်အရေးများကို လေးစားခြင်း၊ မိမိ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေတို့ကို လေးစားလိုက်နာခြင်းတို့သည် လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးအတွက် အခြေခံလိုအပ်ချက်များပင်ဖြစ်သည်။ ခေတ်အဆက်ဆက် နိုင်ငံဦးဆောင်သူများနှင့် ပြည်သူပြည်သားများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ငြိမ်းချမ်းသာယာဝပြောအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ ဤအခန်းတွင် ငြိမ်းချမ်းရေး၏တန်ဖိုး၊ အရေးပါပုံနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအကြောင်း လေ့လာ ဆွေးနွေးကြမည် ဖြစ်သည်။

ဤအခန်းပြီးလျှင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်မည်။

- ငြိမ်းချမ်းရေး၏တန်ဖိုးနှင့် အရေးပါပုံကိုသိရှိပြီး ငြိမ်းချမ်းရေးကို မြတ်နိုးထိန်းသိမ်းတတ်မည်။
- မြန်မာပြည် ငြိမ်းချမ်းသာယာ ညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သူများအကြောင်းကို ဖတ်ရှုလေ့လာပြီး ပြန်လည်ဆွေးနွေးတင်ပြတတ်မည်။
- တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရှင်းပြတတ်မည်။
- ငြိမ်းချမ်းရေးကို တန်ဖိုးထားတတ်သော မြန်မာနိုင်ငံသားတစ်ဦးအဖြစ် မိမိကိုယ်မိမိ ဂုဏ်ယူတတ်မည်။

DRE BCA - Copyright Protected

## သင်ခန်းစာ (၄.၁) ငြိမ်းချမ်းသောလူမှုပတ်ဝန်းကျင်

လူ့အဖွဲ့အစည်းတွင် တစ်ဦးနှင့်တစ်ဦးဖြစ်စေ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ဖြစ်စေ ပြောဆိုဆက်ဆံရာတွင် သဘောထား ကွဲလွဲမှုများနှင့် နားလည်မှု လွဲမှားခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထိုသဘောထားကွဲလွဲမှုများနှင့် နားလည်မှုလွဲမှားခြင်းများကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းကြရပေမည်။ ငြိမ်းချမ်းစွာမဖြေရှင်းနိုင်ပါက မလိုလားအပ်သောအကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ပါသည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်များ

**ငြိမ်းချမ်းရေး**

ငြိမ်းချမ်းရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ၊ ဒေသတစ်ခုတွင်ဖြစ်စေ တိုက်ခိုက်မှုသို့မဟုတ် အကြမ်းဖက်မှုမရှိသောအခြေအနေ သို့မဟုတ် အချိန်ကာလတစ်ခုဖြစ်သည်။ အငြင်းပွားမှုမရှိဘဲ ရင်းနှီးနွေးထွေးသော ဆက်ဆံရေးဖြင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်ကြသည့် အခြေအနေတစ်ရပ်ပင် ဖြစ်သည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုသည်မှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားတွင် တိုက်ခိုက်မှု သို့မဟုတ် အကြမ်းဖက်မှုများ ရပ်တန့်စေရန် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီမှုများရယူသည့် လုပ်ငန်းစဉ်ပင် ဖြစ်သည်။

**ပဋိပက္ခ**

ပဋိပက္ခဆိုသည်မှာ လူအချင်းချင်းဖြစ်စေ၊ အုပ်စုအချင်းချင်းဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ အတွေးအခေါ်၊ အယူအဆ၊ ခံစားချက်နှင့် သဘောထားဆန္ဒများ ပြင်းထန်စွာကွဲလွဲပြီး ငြင်းခုံကြရသည့်အခြေအနေ သို့မဟုတ် ရန်လိုတိုက်ခိုက်သည့်အခြေအနေသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

**တန်းတူညီမျှမှု**

တန်းတူညီမျှမှုဆိုသည်မှာ သက်ဆိုင်သူအားလုံးတွင် တူညီသော ဘဝအခွင့်အရေးများ ရရှိခြင်း ဖြစ်သည်။

**သဟဇာတဖြစ်မှု**

သဟဇာတဖြစ်မှုဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ စာနာနားလည်မှု၊ ညီညွတ်မှုတို့ဖြင့် ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေးရှိခြင်းဖြစ်သည်။

**တရားဥပဒေစိုးမိုးမှု**


တရားဥပဒေစိုးမိုးမှုဆိုသည်မှာ ပြဋ္ဌာန်းထားသည့်ဥပဒေ၏ အာဏာသက်ရောက်မှုကို ဥပဒေပြဋ္ဌာန်းသူများအပါအဝင် လူ့အဖွဲ့အစည်းအတွင်းနေထိုင်သူ အားလုံးက လက်ခံလိုက်နာကျင့်သုံးခြင်း ဖြစ်သည်။

DBE BOX - Copyright Protected

**ငြိမ်းချမ်းမှုပညာရေး**

ငြိမ်းချမ်းမှုပညာရေးဆိုသည်မှာ မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူများနှင့်ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်နှင့်ဖြစ်စေ သဟဇာတကျကျ နေထိုင်နိုင်စေရန် သဘောထားနှင့် အပြုအမူများ ဖွံ့ဖြိုးလာစေရန်နှင့် အသိပညာနှင့် တန်ဖိုးထားမှုများရရှိစေရန် ဆောင်ရွက်ရသည့် ပညာပေးလုပ်ငန်း ဖြစ်သည်။ မတူညီသော အမြင်များကို နားလည်လက်ခံပြီး အခြားသူများ၏ ရပ်တည်မှုများကို အပြန်အလှန် လေးစားမှုဖြင့် အတူတကွယှဉ်တွဲ နေထိုင်တတ်ရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်သည်။

**အောက်ပါအကြောင်းအရာများသည် ငြိမ်းချမ်းရေးနှင့်မည်သို့ဆက်စပ်နေသည်ကို လေ့လာဆွေးနွေးပါ။**




DBE BOX - Copyright Protected

**အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။**

(က) ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို သင်မည်သို့ နားလည်ပါသနည်း။

(ခ) ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု မည်ကဲ့သို့ ဆက်စပ်နေသနည်း။

**အောက်ပါအကြောင်းအရာများကို မိမိအားလပ်ချိန်တွင်ကြိုတင်ဖတ်ရှုလေ့လာပါ။**

### ငြိမ်းချမ်းရေး၏ အခြေခံသဘောတရားများ

ငြိမ်းချမ်းရေးသည် လူမှုတန်းတူညီမျှမှုနှင့် သဟဇာတဖြစ်မှုတို့ပေါ်တွင် အခြေခံသည်။ လူ့အဖွဲ့အစည်းတွင် နေထိုင်သူများသည် ငြိမ်းချမ်းရေးကို တည်ဆောက်ရန်နှင့် ထိန်းသိမ်းရန်အတွက် ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း ရှိရမည်။ ငြိမ်းချမ်းရေးရရှိစေရန် ပြည်သူပြည်သားများမှ အစပြု၍ ငြိမ်းချမ်းရေးအတွက် ပါဝင်ပတ်သက်သူအားလုံး ကျား-မ၊ လူမျိုး၊ ဘာသာ၊ တိုင်းရင်းသား၊ လူကြီးလူငယ်များ၊ ရပ်ရွာဒေသအသီးသီးမှပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများအားလုံး ပူးပေါင်းပါဝင်ရန် လိုအပ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန် တစ်ရက်၊ တစ်လ၊ တစ်နှစ် ပြုလုပ်ရုံမျှဖြင့် ပြီးမြောက်အောင်မြင်သွားမည်မဟုတ်ဘဲ ကာလရှည်စွဲမြဲစွာ ပြုလုပ်ရမည်ဖြစ်သည်။

လူမှုတန်းတူညီမျှမှုသည် အားလုံးအတွက် တူညီသော ဘဝအခွင့်အရေးများ ရရှိခြင်းပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုတွင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ အတူတကွ နေထိုင်ကြသူများသည် ကျား-မ၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ တိုင်းရင်းသား၊ စီးပွားရေးအခြေအနေ၊ မွေးဖွားရာဒေသ စသည်တို့ ကွဲပြားခြားနားမှု ရှိနိုင်သည်။ ထိုသို့ ကွဲပြားခြားနားသည့်တိုင် အခွင့်အရေးနှင့် အရင်းအမြစ်များကို တူညီစွာ ရရှိနိုင်ခြင်းသည် တန်းတူညီမျှမှုရှိခြင်းပင်ဖြစ်ပါသည်။ ခွဲခြားဆက်ဆံမှုမရှိသော ရေရှည်တည်တံ့သည့် ပုံစံတစ်ရပ်ဖြင့် လူမှုတန်းတူညီမျှမှုကို တည်ဆောက်နိုင်ပါသည်။ ထိုမှတစ်ဆင့် ငြိမ်းချမ်းသော လူမှုပတ်ဝန်းကျင်တစ်ရပ်ကို ထူထောင်နိုင်ပါသည်။

ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းအတွက် လိုအပ်ချက်တစ်ရပ်မှာ သဟဇာတဖြစ်မှုပင်ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဟဇာတဖြစ်စေရန် တစ်ဖက်သားနှင့် မိမိတို့အကြားတွင် အပြန်အလှန် လေးစားမှုနှင့် စာနာနားလည်မှုရှိရန်လိုအပ်သည်။

လူ့အဖွဲ့အစည်းအတွင်းတွင် ပဋိပက္ခများနှင့် ကြုံတွေ့ရခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ရပ်သာဖြစ်သည်။ အဆိုပါပဋိပက္ခများကို ပါးနပ်စွာကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရန် မတူကွဲပြားမှုများကို ဖော်ထုတ်တတ်ရန်နှင့် နားလည်အသိအမှတ်ပြု လက်ခံလာစေရန် ကြိုးစားဖန်တီးရသည်။ ထိုသို့ ဆောင်ရွက်နိုင်စေရန် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားလိုအပ်သည်။ ကွဲပြားခြားနားမှုများ၏ အရင်းအမြစ်များကို သိရှိရန်၊ ထိုသို့ ကွဲပြားမှုများထဲတွင်ရှိနေသည့် လူမှုစွမ်းရည်များကို ရေရှည်တည်တံ့ခိုင်မြဲပြီး အကြမ်းဖက်မှုမရှိသော အတူတကွယှဉ်တွဲနေထိုင်နိုင်သည့် အနေအထားပုံစံရောက်အောင် လမ်းကြောင်းပြောင်းပေးရန်ဖြစ်သည်။ ထိုသို့ပြောင်းလဲပေးနိုင်ခြင်းမှာ ပဋိပက္ခကိုင်တွယ် ဖြေရှင်းနိုင်သောစွမ်းရည်တွင် ပါဝင်သည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့ပင် ဖြစ်သည်။

## ငြိမ်းချမ်းရေးကို ထိန်းသိမ်းရေး နှုတ်ထွက်စကားများစောင့်ထိန်းပေး

တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင် နှုတ်ထွက်ပြောစကားများသည် အလွန်အရေးပါသည်။ စကားပြောဆိုကြခြင်းဖြင့် မိတ်ဆွေသစ်များ တိုးလာနိုင်သကဲ့သို့ မိတ်ဆွေများကိုလည်း ရန်သူအဖြစ် ဖန်တီးပေးနိုင်သောအစွမ်းရှိသည်။ ချစ်ခင်နှစ်သက်မှုကို ဖြစ်ထွန်းစေသကဲ့သို့ မုန်းတီးမှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်သကဲ့သို့ စစ်ပွဲများကိုလည်း ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် နှုတ်ချိုသျှိုတစ်ပါးဆိုသည့်အတိုင်း နှုတ်ထွက်စကားများကိုချိုသာစွာ ပြောဆိုရမည်။ နည်းပညာများတိုးတက်လာသည်နှင့်အမျှ ဆက်သွယ်ရေးလူမှုကွန်ရက်များလည်း တိုးတက်ပြောင်းလဲလာသည်။ အဆိုပါ လူမှုကွန်ရက်များတွင် ပြောဆိုရေးသားသည့်အခါ ငြိမ်းချမ်းရေးကို မထိခိုက်စေသည့် အပြောအဆို အသုံးအနှုန်းများကိုသာ အသုံးပြုရေးသားသင့်သည်။

ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် မည်သို့ပြောဆိုရေးသားမည်နည်း။




DBE BOX - Copyright Protected

**အဓိကအချက်များ**

- လူ့အဖွဲ့အစည်းတွင် သဘောထားကွဲလွဲမှုများသည် ဖြစ်လေ့ဖြစ်ထရှိသော သာမန်ဖြစ်စဉ်များ ဖြစ်သည်။
- လူ့အဖွဲ့အစည်းတွင် သဘောထားကွဲလွဲမှုများနှင့်ကြုံတွေ့ရပါက တန်းတူညီမျှမှု၊ သဟဇာတ ဖြစ်မှုတို့ပေါ်တွင် အခြေခံကာ ပဋိပက္ခများမဖြစ်ပေါ်စေရန် ပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းရမည်။
- ငြိမ်းချမ်းရေးကို တန်ဖိုးထားတတ်သည့် ကိုယ်၊ နှုတ်၊ နှလုံး အလေ့အကျင့်ကောင်းများဖြင့် ငြိမ်းချမ်းသော လူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်နိုင်သည်။

"ငြိမ်းချမ်းစွာ ပြောဆိုရေးသားခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြုလုပ်ပါ။

## သင်ခန်းစာ (၄.၂) ပြည်ထောင်စုငြိမ်းချမ်းရေး ဆောင်ရွက်ကြသူများ

ငြိမ်းချမ်းရေးသည် ရေရှည်ကြိုးပမ်းဆောင်ရွက်ရသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း လေ့လာသင်ယူပြီးဖြစ်သည်။ ခေတ်အဆက်ဆက်တွင် သဘောထားကွဲလွဲမှုများနှင့် ပဋိပက္ခများ ရှိတတ်သကဲ့သို့ ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များလည်းရှိသည်။ ပဋိပက္ခများ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများကို သင်ခန်းစာယူရမည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းထမ်းဆောင်ကြသူများ၏ လေးစားဖွယ် ဆောင်ရွက်ချက်များကိုလည်း လေ့လာသုံးသပ်ပြီး ငြိမ်းချမ်းရေးအတွက် အတုယူကြိုးပမ်းဆောင်ရွက်ရမည်။

**အောက်ပါစကားဝိုင်းဆွေးနွေးပွဲကိုလေ့လာပါ။**



**ဆရာကြီး သခင်ကိုယ်တော်မှိုင်း (၁၈၇၆–၁၉၆၄)**

ဆွေးနွေးမည့်အကြောင်းအရာ- ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဘဝဖြတ်သန်းမှုနှင့်ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ

| | | |
|---|---|---|
| ညှိနှိုင်းဆွေးနွေးသူ | -ဆရာဦးမျိုးအောင် | (အထက်တန်း စာရိတ္တနှင့်ပြည်သူ့နီတိဆရာ) |
| ဦးဆောင်ဆွေးနွေးသူများ | -မသွယ်သွယ် | (ဒသမတန်းကျောင်းသူ) |
| | မကလျာ | (ဒသမတန်းကျောင်းသူ) |

မဝင်းဝင်း (ဒသမတန်းကျောင်းသူ)
မောင်တေဇ (ဒသမတန်းကျောင်းသား)

ဆရာဦးမျိုးအောင်- ဒီကနေ့ စကားဝိုင်းဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသူတွေနဲ့ နားထောင်ကြသူတွေရော အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ဆရာက ဒီစကားဝိုင်းဆွေးနွေးပွဲမှာ ညှိနှိုင်းဆွေးနွေးသူအနေနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဦးဆောင်ဆွေးနွေးသူတွေ ဆွေးနွေးနေတဲ့အချိန်မှာ သေချာနားထောင်ထားပြီး မေးခွန်းတွေ၊ ဖြည့်စွက်ဆွေးနွေးမှုတွေကို ဝိုင်းဝန်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ မောင်တေဇက ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အတ္ထုပ္ပတ္တိကို ရှင်းပြဆွေးနွေးပေးပါအုံး။

မောင်တေဇ- အားလုံးပဲ မင်္ဂလာပါ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ငယ်ဘဝနဲ့ အတ္ထုပ္ပတ္တိအကျဉ်းကို ကျွန်တော်က တင်ပြပါမယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ၁၈၇၆ ခုနှစ် မတ်လ ၂၃ ရက် ( မြန်မာသက္ကရာဇ် ၁၂၃၇ တပေါင်းလပြည့်ကျော် ၁၄ ရက်) ကြာသပတေးနေ့မှာ ဖွားမြင်ခဲ့ပါတယ်။ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ဝါးလည်ရွာ ဇာတိဖြစ်ပါတယ်။ အမည်ရင်းက ဦးလွန်းဖြစ်ပြီး ငယ်မည်က မောင်လွမ်းမောင် ဖြစ်ပါတယ်။ ငယ်စဉ်က ရွှေတောင်မြို့ ဆရာချို အင်္ဂလိပ်မြန်မာ နှစ်ဘာသာ သင်ကျောင်း ၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၊ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီးတို့ထံမှာ ပညာဆည်းပူးခဲ့ပါတယ်။ ၁၈၉၇ ခုနှစ် အသက် ၂၂နှစ်အရွယ်မှာ အစိုးရစစ် ၇တန်းစာမေးပွဲကို မုံရွာမြို့ အလွတ်ပညာသင်ကျောင်းကနေ ဦးပဏ္ဍိတဆိုတဲ့ ရဟန်းအမည်နဲ့ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ပါတယ်။ သီပေါမင်းနဲ့ မိဖုရားတို့ ပါတော်မူတဲ့ အနိဋ္ဌာရုံမြင်ကွင်းကို'စာတော်ဝန်ဦးခဲ' ကျောင်းလက်ရန်းပေါ်က မြင်တွေ့ခဲ့ရတဲ့ အချိန်ကစပြီး နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ဖြစ်ပေါ်ကိန်းအောင်း နေခဲ့ပါတယ်။ ဆရာကြီးဟာ ထင်ရှားကျော်ကြားတဲ့ ကဗျာစာဆိုကြီး၊ စာရေးဆရာကြီး၊ သတင်းစာဆရာကြီးအဖြစ် ရပ်တည်ခဲ့သလို အမျိုးသားကောလိပ်မှာ မြန်မာစာနဲ့ရာဇဝင်ပါမောက္ခ အဖြစ်လဲဆောင်ရွက်ခဲ့ပြန်ပါတယ်။ ကိုလိုနီခေတ်မှာ နယ်ချဲ့အစိုးရကို ရဲရဲဝံ့ဝံ့ဆန့်ကျင်ခဲ့သူ တစ်ဦးဖြစ်တဲ့ အပြင် လွတ်လပ်ရေးခေတ် ပြည်တွင်းစစ်ဖြစ်တဲ့ အချိန်ကာလမှာလဲ ငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၄ခုနှစ် ဇူလိုင်လ ၂၃ ရက် ကြာသပတေးနေ့မှာ လူကြီးရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။

DBE BOX - Copyright Protected

ဆရာဦးမျိုးအောင်- ဆရာကြီးက ကုန်းဘောင်ခေတ်နှောင်း သီပေါမင်း ပါတော်မူချိန်ကစလို့ ကိုလိုနီခေတ်နဲ့လွတ်လပ်ရေးခေတ်အထိ ခေတ်သုံးဆက်မီခဲ့သူ တစ်ဦးဖြစ်တဲ့အပြင် စာပေနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်နဲ့ ငြိမ်းချမ်းရေးနယ်ပယ်တွေမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါတယ်။ ဆက်လက်ပြီး မသွယ်သွယ်က ဆရာကြီးရဲ့ စာပေနယ်ပယ် ဆောင်ရွက်ချက်တွေကို ဆွေးနွေးပေးပါအုံး။

မသွယ်သွယ်- ဟုတ်ကဲ့ပါရှင်။ ဆရာကြီးရဲ့ ဘဝတစ်လျှောက်လုံး စာပေနဲ့ပဲ အချိန် ကုန်လွန်ခဲ့တယ်လို့ ပြောလို့ရပါတယ်ရှင်။ ဆရာကြီးက ၁၈၉၈ ခုနှစ်မှာ မော်လမြိုင်မြို့ မြန်မာတိုင်းသတင်းစာမှာ ပဏ္ဍိလေး ကလောင်အမည်နဲ့ ကဗျာတွေ၊ စာတွေ စတင်ရေးသားခဲ့ပါတယ်။ စာပုံနှိပ်တိုက်နဲ့ သတင်းစာတိုက်တွေမှာ စာစီစာပြင်ဆရာ၊ အယ်ဒီတာ၊ စာပြုစာပြင် အယ်ဒီတာစတဲ့ တာဝန်အသီးသီး ထမ်းဆောင်ခဲ့ပါတယ်။ ပြဇာတ်၊ ဝတ္ထု၊ ဆောင်းပါး၊ လေးချိုး၊ ဋီကာ၊ ကဏ္ဍိစတဲ့ စာပေ အမျိုးအစား စုံလင်စွာ ရေးသားခဲ့တဲ့ ကဗျာဆရာကြီး၊ စာရေးဆရာကြီး၊ သတင်းစာဆရာကြီးတစ်ဦးဖြစ်ပါတယ်။ ဒေါင်းဋီကာ၊ မျောက်ဋီကာ၊ ခွေးဋီကာ၊ ဗိုလ်ဋီကာ၊ မှာတော်ပုံဝတ္ထု စတာတွေဟာ ဆရာကြီးရဲ့ထင်ရှားတဲ့ စာပေလက်ရာတွေပဲ ဖြစ်ပါတယ်ရှင်။

ဆရာဦးမျိုးအောင်- ဆရာကြီးဟာ ပညာဉာဏ်ကြီးမားသလို ကိုယ့်ကျင့်သီလ အရာမှာ စင်ကြယ်သူအဖြစ် ထင်ရှားပါတယ်။ ကိုယ်ကျိုးစီးပွားအတွက် ဘယ်တုန်းကမှ ငဲ့ကွက်မှုမရှိခဲ့ဘဲ တစ်ဘဝလုံးအမျိုးသားရေးအတွက် ပုံအပ်ခဲ့သူပါ။ မိမိတစ်ဖက်ကမ်းခတ်တဲ့ ကဗျာအနုပညာအစွမ်းနဲ့ နိုင်ငံကို စည်းရုံးရှေ့ဆောင်ခဲ့ရုံမက နိုင်ငံရေးအယူအဆနဲ့ရပ်တည်ချက် အရာမှာလည်း တိမ်းချော်၊ လွဲမှား၊ ဖောက်ပြန်တယ်မရှိ။ အမြဲတမ်း တိကျမှန်ကန်ခေတ်မီခဲ့သူပါ။ လူငယ်တွေရဲ့ယုံကြည် လေးမြတ်မှုကို ခံယူပြီး ခေတ်အဆက်ဆက် တိုးတက်တဲ့ အင်အားစုတွေ ရှေ့က အဖေသဖွယ်၊ အဘိုးသဖွယ် မားမားရပ်ခဲ့သူပါ။ နိုင်ငံ့ခေါင်းဆောင်တွေအကြား သဘောထားကွဲလွဲကြတဲ့အခါ ဆရာကြီးက စေ့စပ်ဖျန်ဖြေသင့်မြတ်စေခဲ့သူ အမျိုးသားညီညွတ်ရေးရဲ့ပြယုဂ် ငြိမ်းချမ်းရေး ဖခင်ကြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆရာကြီးရဲ့ အမျိုးသားရေးနဲ့ ငြိမ်းချမ်းရေး ဆောင်ရွက်ခဲ့ပုံတွေကို မကလျာက ဆွေးနွေးပေးပါအုံး။

DBE BOX - Copyright Protected

မကလျာ- ဟုတ်ကဲ့ပါရှင်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သီပေါမင်းနဲ့မိဖုရားတို့ ပါတော်မူတာကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသူမို့ သူ့ကျွန်ဘဝကို ရွံမုန်းလို့ လွတ်လပ်ရေးအတွက် ကျရာတာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ပါတယ်။ ဆရာစံအရေးတော်ပုံကာလမှာ ဂဠုန်ပျံ ဒီပနီဋီကာဆောင်းပါးများ ရေးသားခဲ့ပါတယ်။ ၁၉၃၅ မတ်လမှာ ကျင်းပတဲ့ တို့ဗမာအစည်းအရုံးရဲ့ ပထမအကြိမ် သခင်ကွန်ဖရင့်ကြီးမှာ တို့ဗမာအစည်းအရုံးကြီးရဲ့ နာယကအဖြစ် တာဝန်ယူပြီး အဲ့ဒီအချိန်ကစလို့ သခင်ကိုယ်တော်မှိုင်းလို့ အမည်ခံခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ခုနှစ် တို့ဗမာအစည်းအရုံးမှာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး ၁၉၄၈ စက်တင်ဘာလ ၁၉ ရက် ရွှေတိဂုံစေတီတော် တောင်ဘက် စောင်းတန်းမှာ ကျင်းပတဲ့ ၁၉ကြိမ်မြောက် ဦးဝိစာရနေ့မှာ နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဆရာကြီးကို နာယကအဖြစ်တင်မြှောက်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ် ပီကင်းမှာကျင်းပတဲ့ အာရှနဲ့ပစိဖိတ်ဒေသနိုင်ငံများရဲ့ ငြိမ်းချမ်းရေးကွန်ဖရင့်ကို တက်ရောက်ခဲ့ပါတယ်။ ဂျူဗလီဟောမှာ ကျင်းပတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (ဗမာနိုင်ငံ) က ဆရာကြီးကို ကွန်ဂရက် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပါတယ်။ ၁၉၅၃ခုနှစ် တရုတ်၊ မွန်ဂိုလီးယား၊ ဟန်ဂေရီ၊ ဆိုဗီယက်ယူနီယံတို့ကို ကမ္ဘာလှည့်ခဲ့တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ချုပ် ဗဟိုကောင်စီအစည်းအဝေးကြီးကိုလည်း တက်ရောက်ခဲ့ပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်ခဲ့တဲ့အတွက် ဆရာကြီးကို ငြိမ်းချမ်းရေးစတာလင်ဆု အပ်နှင်းခဲ့ပါတယ်။ ဘာလင်မြို့ ဟူးဘို့တက္ကသိုလ်က ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို လဲရရှိခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မန္တလေးမြို့ လေးပြင်လေးရပ် ဆရာတော် ၁၄၃ပါးကို ပြည်တွင်းငြိမ်းချမ်းရေး ပန်ကြားလွှာတစ်စောင် တင်သွင်းခဲ့တဲ့အပြင် နိုင်ငံတစ်ဝန်းလုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးခရီးစဉ်များ လှည့်လည်ဟောပြော စည်းရုံးခဲ့ပါတယ်။

ဆရာဦးမျိုးအောင်- ဆရာကြီးက နယ်ချဲ့ဆန့်ကျင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဘဝတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်ခဲ့တာဟာ အလွန်လေးစားစရာကောင်းပါတယ်။ ဆရာကြီးရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုနည်းလမ်းကတော့ သူမနာ-ကိုယ်မနာ ညှိနှိုင်းဆွေးနွေးတဲ့နည်းပဲ ဖြစ်ပါတယ်။ အခုခေတ်အသုံးများနေတဲ့ သူနိုင်-ကိုယ်နိုင်(**Win-Win**) သဘောတရားအတိုင်းပဲဖြစ်ပါတယ်။ နှောင်းခေတ်ပညာရှင်တွေက



DBE BOX - Copyright Protected

ဆရာကြီးကို ဘယ်လိုမြင်ကြသလဲဆိုတာကို မဝင်းဝင်းက ပြောပြပါအုံး။

မဝင်းဝင်း ကဗျာဆရာကြီး၊ စာရေးဆရာကြီး၊ သတင်းစာဆရာကြီး၊ အမျိုးသားရေးနာယကကြီး၊ ငြိမ်းချမ်းရေးဖခင်ကြီးစတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ဂုဏ်တွေဟာ များပြားလွန်းလှပါတယ်။ ဒီဂုဏ်ပုဒ်တွေဟာ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့က ပုဂ္ဂိုလ်စွဲ သက်သက်နဲ့ အမွှမ်းတင်ကြတဲ့ဂုဏ်ပုဒ်တွေ မဟုတ်ပါဘူး။ နိုင်ငံနဲ့ လူမျိုးအကျိုးအတွက် ဘဝတစ်ခုလုံး အရင်းအနှီးပြုခဲ့တဲ့ ဆရာကြီးရဲ့ အလုပ်တွေကို အကြောင်းပြုပြီး ပြည်သူလူထုကြီး ကိုယ်တိုင်က ချစ်ခင်ကြည်ညို မြတ်နိုးမှုအပြည့်နဲ့ တလေးတစားခေါ်ဆိုကြတဲ့ ဂုဏ်ပုဒ်တွေပဲ ဖြစ်ပါတယ်။ ဆရာကြီးရဲ့ကျန်းမာရေးကို နှစ်ပေါင်း များစွာ တာဝန်ယူခဲ့တဲ့ သမားတော်ကြီး ဒေါက်တာဆင်ဖိုးက ဆရာကြီးဟာ တောင်ကြီးနဲ့တူတဲ့ပုဂ္ဂိုလ် အနီးကပ်ကြည့်လေ ကြီးလေပဲလို့ မှတ်ချက်ချခဲ့ဖူးပါတယ်။

ဆရာဦးမျိုးအောင်- ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ဆောင်ရွက်နေကြတဲ့အခါမှာ ဆရာကြီးရဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ချက်တွေဟာ အလွန်အတုယူ စရာကောင်းပါတယ်။ ငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာ သူလဲမနာ ကိုယ်လဲမနာတဲ့နည်း၊ သူနိုင်ကိုယ်နိုင် **(Win –Win)** သဘောတရားနဲ့ စေ့စပ်ညှိနှိုင်းရေးလမ်းစဉ်ဟာ ယနေ့တိုင် ခေတ်မီနေဆဲပါပဲ။ တိုင်းရင်း သား အချင်းချင်းအကြား မတူညီတဲ့အမြင်တွေကို စေ့စပ်ညှိနှိုင်း အဖြေရှာကြပြီး ပြည်သူလူထုတစ်ရပ်လုံးက ငြိမ်းချမ်းရေးကို ဝိုင်းဝန်းတည်ဆောက် အကောင်အထည်ဖော်ကြမယ်ဆိုရင် ပြည်သူ လူထုအားလုံး လိုလားတောင့်တတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ၊ ကမ္ဘာ့အလယ်မှာ ထည်ဝါခံ့ညားတဲ့ နိုင်ငံတစ်နိုင်ငံကို မလွဲမသွေ တည်ဆောက်နိုင်မှာ ဖြစ်တယ်လို့ ပြောကြားရင်း ဒီကနေ့ စကားဝိုင်းဆွေးနွေးပွဲကို နိဂုံးချုပ်ပါတယ်။ နားထောင်နေတဲ့ ပရိသတ်ရဲ့ မေးခွန်းတွေ၊ ဖြည့်စွက် ဆွေးနွေးမှုတွေ ဆက်လက် ဆောင်ရွက်ကြရအောင်ပါ။ အားလုံးကို ကျေးဇူး တင်ပါတယ်။

DBE BOX - Copyright Protected

**အောက်ပါတို့ကို ဆွေးနွေးပါ။**

(က) ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ နိုင်ငံရေးဖြတ်သန်းမှုကို လေ့လာသုံးသပ်ပါ။

(ခ) ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပါ။

**အဓိကအချက်များ**

- ငြိမ်းချမ်းရေးသည် တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်ကြိုးပမ်း တည်ဆောက်ရသော လုပ်ငန်းစဉ်ဖြစ်သည်။
- ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ဘဝတစ်လျှောက်လုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များသည် လေးစားအတုယူဖွယ်ရာ နမူနာကောင်းများပင် ဖြစ်သည်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် စုပေါင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့သည် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းထမ်းရွက်ကြရမည် ။

DBE BOX - Copyright Protected

**သင်သိသော မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦး၏ ငြိမ်းချမ်းရေး ဆောင်ရွက်ချက် အကြောင်း ဆွေးနွေးတင်ပြပါ။**

## သင်ခန်းစာ (၄.၃) ပြည်ထောင်စုနှင့်ငြိမ်းချမ်းရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံကြီးဖြစ်သည်။ ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့သည် အေးအတူပူအမျှ ရင်းနှီးချစ်ကြည်စွာ စုစည်းနေထိုင်ကြသည်။ တိုင်းရင်းသား တစ်မျိုးစီတွင် ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာ ကိုယ်စီရှိကြသည်။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုစာပေတို့ကိုလည်း လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်။ တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စုစည်းနေထိုင်ခြင်းပင်ဖြစ်သည်။

**အောက်ပါအကြောင်းအရာများကို မိမိအားလပ်ချိန်တွင်ကြိုတင်ဖတ်ရှုလေ့လာပါ။**

## မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်

ခေတ်အဆက်ဆက် ကိုယ်ထီးကိုယ်နန်းနှင့် ထည်ဝါစွာရပ်တည်ခဲ့ကြသော မြန်မာတို့သည် နယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး ဗြိတိသျှ လက်အောက်ခံ ကိုလိုနီအဖြစ်ကျရောက်ခဲ့ရသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအသီးသီးတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြပြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ အဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သော်လည်း တိုင်းရင်းသားအချင်းချင်း အမြင်မတူညီမှု များကြောင့် ပြည်တွင်းစစ်မီးတောက်ခဲ့ရပြန်သည်။

၁၉၆၂ခုနှစ်တပ်မတော်အာဏာသိမ်းပြီးနောက်တွင်လည်း တော်လှန်ရေး ကောင်စီနှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြသော အဖွဲ့များအနက် ကရင်တော်လှန်ရေး ကောင်စီနှင့်သာ သဘောတူညီမှုရရှိခဲ့ပြီး ကျန်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သဘောတူညီချက်မရသဖြင့် ၁၉၆၃ခုနှစ် နိုဝင်ဘာလတွင် ဆွေးနွေးပွဲများ ရပ်ဆိုင်း ခဲ့သည်။

၁၉၈၈ခုနှစ်တွင် နိုင်ငံသားများက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မလိုလားကြောင်း သပိတ်မှောက် ဆန္ဒပြကြသဖြင့် တပ်မတော်က အာဏာသိမ်းယူခဲ့သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ကို ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။ ၁၉၈၉ခုနှစ်နှင့် ၁၉၉၇ခုနှစ်ကြားတွင် တပ်မတော် အစိုးရနှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲများ ရပ်တန့်စေရေးအတွက် သဘောတူညီချက်များရရှိရန် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ၁၉၉၇ခုနှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု အမည်ပြောင်းလဲခဲ့သည်။ ၁၉၉၇ ခုနှစ်ကုန်အထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့ တရားဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနှင့် တိုင်းရင်းသားအဖွဲ့ များသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ပြုလုပ်ခဲ့ကြသော်လည်း အချို့သော အဖွဲ့အစည်းများက လက်မခံသောကြောင့် အပစ်အခတ်ရပ်စဲမှု ပျက်ပြားခဲ့သည်။

၂၀၁၀ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ကျင်းပပေးကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသို့ အစိုးရအာဏာ လွှဲပြောင်းပေးခဲ့သည်။ အစိုးရသည် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဆွေးနွေးပွဲများပြုလုပ်၍ ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသော သဘောတူညီချက်များနှင့်အညီ တည်ဆောက်သွားရန် ဆိုသည့် ဘုံရည်မှန်းချက်တစ်ခုကို ဖော်ဆောင်နိုင်ခဲ့သည်။

DBE BOX - Copyright Protected

လက်နက်ကိုင်ပဋိပက္ခမှာလည်း နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန်ခက်ခဲသည့်အခြေအနေများကြားမှ လက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ ရလဒ်ကောင်းတစ်ခုပင်ဖြစ်သည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရရှိကာ အစိုးရသည် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် အမျိုးသားပြန် လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွင့်လှစ်ပြီး ၂၁ရာစုပင်လုံ ညီလာခံ ကို ကျင်းပသည်။

အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား ပြည်ထောင်စုကြီးငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘုံသဘောတူညီချက်များရရှိကာ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုကြီးတစ်ရပ် ထူထောင်နိုင်ရန် အစိုးရ၊ တပ်မတော်၊ ပြည်သူအားလုံးလက်တွဲညီညီနှင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

DREIC - Copyright Protected

**အောက်ပါအဆိုအမိန့်များကိုလေ့လာပါ။**

**ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့်ပတ်သက်သည့်အဆိုအမိန့်များ**

"ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ဘေးရန်မရှိ နေလိုသူများ၊ကြုံတွေ့နေရသည့် ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏"

ယမကဝဂ် (ဓမ္မပဒ-၅)

"ဆရာတို့ရဲ့ သူမနာ ကိုယ်မနာ သင်ပုန်းချေ ငြိမ်းချမ်းရေးမူ ပြောနေတာဟာ တစ်ဖက်သတ်ပြောနေတာမဟုတ်ဘူး။ သင်ပုန်းချေဆိုတာဟာ ဟိုဘက်ဒီဘက် အားလုံးမှာရှိကြတဲ့ အပြစ်အနာအဆာတွေကို ပြောမနေကြတော့ဘဲ အားလုံးသင်ပုန်းချေဖို့ဖြစ်တယ်။ တိုင်းပြည်လူထု အကျိုးကိုရှေ့ရှုပြီး အတိတ်ကဖြစ်ရပ်တွေအားလုံးကို ပြည်ဖုံးကားချပြီး ငြိမ်းချမ်းသာယာတဲ့ ကြောင့်ကြခြင်းကင်းဝေးတဲ့ အနာဂတ်ကို ရှေ့ရှုမျှော်မှန်း စခန်းသွားကြဖို့ဖြစ်တယ်။"

ဆရာကြီးသခင်ကိုယ်တော်မှိုင်း

(ပြည်တွင်းစစ် ၁၀နှစ်မြောက်(၂၈-၃-၁၉၅၈)နေ့ လူထုအစည်းအဝေးပွဲကြီးတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဩဝါဒမိန့်ခွန်း ကောက်နုတ်ချက်)

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။"

ဗိုလ်ချုပ်အောင်ဆန်း

(၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့
ပင်လုံညစာစားပွဲတွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

"မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး ပြန်ပေးရမည်ဟူသည့် သဘောတရားသည် ကမ္ဘာ့ကြီးတစ်ခုလုံးကို မျက်ကန်းများဖြစ်သွားစေရုံသာရှိမည်။"

မဟာတ္တမဂန္ဒီ

"ငြိမ်းချမ်းရေးကို အတင်းအကျပ်တည်ဆောက်၍မရနိုင်၊နားလည်မှုဖြင့်သာတည်ဆောက်နိုင်၏။"

အဲဘတ် အိုင်းစတိုင်း

**ငြိမ်းချမ်းရေးပန်းခင်းသီချင်းကို လေ့လာပါ။**

## ငြိမ်းချမ်းရေးပန်းခင်း

တေးရေး-မြသန်းစံ တေးဆို-ခိုင်ထူး

ရင်းနှီးနွေးထွေးခြင်းနဲ့ဆုံကြမယ်×××ငြိမ်းချမ်းအေးမြခြင်းကို အတူတူခံစားမယ်××× စေတနာတရားရဲ့အဓိပ္ပာယ်××× ရင်းနှီးတဲ့အခါသိလိမ့်မယ်××× ရန်ငြိုးခြင်းရဲ့အဓိပ္ပာယ် ငြိမ်းချမ်းတဲ့အခါ သိလိမ့်မယ်×××

ငြိမ်းချမ်းရေးပန်းခင်းထဲမှာပျော်မွေ့မယ်×××အလင်းစကားအထင်းသားသိမြင်တူယှဉ် လက်တွဲမယ်××× မောင်နှမသားချင်းအဓိပ္ပာယ် ×××သွေးစည်းတဲ့အခါသိလိမ့်မယ်××× နာကျင်ခြင်းရဲ့အဓိပ္ပာယ် × ခွင့်လွှတ်တတ်ရင် သိလိမ့်မယ်×××

ဒို့×ဒို့× ဒို့တစ်တွေ အမြဲသတိရှိကြမယ်××× ဒို့×ဒို့×ဒို့တစ်တွေ သမိုင်းပေးညီအစ်ကိုများ မေတ္တာတရားရဲ့အရိပ်မှာ ×××သစ္စာတရားရဲ့အဓိပ္ပာယ် ×××စွန့်လွှတ်ခြင်းရဲ့အဖြေများ××× ကမ်းသောလက်တွေဆုံတွေ့ပြီ×××ဘေးစကားအတွေးများအသိအမြင်တူညီဖယ်ရှားမည်××× မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ်×အလင်းတန်းတွေ့ရင်သိလိမ့်မယ်×××ဟန်ဆောင်ကင်းတဲ့ အဓိပ္ပာယ်×အပြုံးများ သက်သေသိလိမ့်မယ်×××

ငြိမ်းချမ်းရေးပန်းခင်းထဲမှာပျော်မွေ့မယ်×××အလင်းစကားအထင်းသားသိမြင်တူယှဉ် လက်တွဲမယ်××× မောင်နှမသားချင်းအဓိပ္ပာယ် ×××သွေးစည်းတဲ့အခါသိလိမ့်မယ်××× နာကျင်ခြင်းရဲ့အဓိပ္ပာယ် × ခွင့်လွှတ်တတ်ရင်သိလိမ့်မယ်×××

ဒို့×ဒို့× ဒို့တစ်တွေ အမြဲသတိရှိကြမယ်××× ဒို့×ဒို့×ဒို့တစ်တွေသမိုင်းပေးညီအစ်ကို များ မေတ္တာတရားရဲ့အရိပ်မှာ ×သစ္စာတရားရဲ့အဓိပ္ပာယ် ×စွန့်လွှတ်ခြင်းရဲ့အဖြေများ×××

DRE BOX - Copyright Protected

**သီချင်းတွင်ပါဝင်သော ငြိမ်းချမ်းရေး၏ အရေးကြီးပုံ၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်သင့်ပုံကို သင်မည်သို့ နားလည်သည်ကို ဆွေးနွေးပါ။**

**အဓိကအချက်များ**

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း တစ်ဦးအပေါ်တစ်ဦး နားလည်မှုလွဲမှားကာ ပဋိပက္ခများဖြစ်ပေါ်နေမည်ဆိုပါက ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်မဟုတ်ပေ။
- တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးသည် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ တန်ဖိုးထားမှု၊ အပြန်အလှန်လေးစားမှုတို့ကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ပေမည်။
- ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စုပေါင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးတွင် တာဝန်ကိုယ်စီ ရှိကြသည်။

DBF BOX - Copyright Protected

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးညီညွတ်ရေးနှင့် ပတ်သက်သည့် အဆိုအမိန့်များနှင့် ငြိမ်းချမ်းရေးပန်းခင်းသီချင်းပါ အကြောင်းအရာများကို လေ့လာ၍ သင်တို့နေထိုင်ရာ ရပ်ရွာဒေသကို ငြိမ်းချမ်းသောပတ်ဝန်းကျင်တစ်ခု ဖြစ်စေရန်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆွေးနွေးပါ။

**အခန်း(၄)တွင်သင်ယူခဲ့ရသောအကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**

**ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း**

| ငြိမ်းချမ်းသောလူမှုပတ်ဝန်းကျင် | ပြည်ထောင်စု ငြိမ်းချမ်းရေးဆောင်ရွက်ကြသူများ | ပြည်ထောင်စုနှင့် ငြိမ်းချမ်းရေး |
|---|---|---|
| | | |

## ရည်ညွှန်း

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ကိုယ်တိုင်ပါဝင်သူခဲ့သူများ၏သုံးသပ်ချက်များ(၂၀၁၆)။မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၊ ရန်ကုန်မြို့။

မြန်မာစကားပုံ (စကြိမ်)။ (၂၀၀၈)။ ရန်ကုန်၊ မြန်မာစာ အဖွဲ့ဦးစီးဌာန။

မြန်မာဆိုရိုးစကား (ဒုကြိမ်)။ (၂၀၀၈)။ ရန်ကုန်၊ မြန်မာစာ အဖွဲ့ဦးစီးဌာန။

မြန်မာအဘိဓာန် (တကြိမ်)။ (၂၀၁၈)။ နေပြည်တော်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန။

သခင်ကိုယ်တော်မှိုင်းနှစ်၁၃၀ပြည့်အထူးထုတ် (၂၀၀၆)။ **Hyattsville, U.S: Duwun Publishing.**

အောင်မိုးဟန်။ (၂၀၀၇၊မတ်)။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဘဝဖြစ်စဉ်ရက်စွဲသမိုင်း။ ပိတောက်ပွင့်သစ် စာပေအနုပညာမဂ္ဂဇင်း၊ အမှတ် ၁၁၊ ၁၃-၂၄။

အောင်မွန်၊ဦး(မြတ်ဆုမွန်)။ (၂၀၁၂)။ ရာပြည့်မစ္စတာမောင်မှိုင်း။ ရန်ကုန်၊ မြတ်ဆုမွန်စာပေ။

**Milofsky, A., Berdan, K., Bever, S., et al. (2011).** ပညာပေးပို့ချသူများအတွက် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ လက်တွေ့အသုံးချအချက်အလက်များ၊ အထက်တန်း ပညာရေး အဆင့်အတွက် တည်းဖြတ်ထုတ်ဝေခြင်း။ **Washington, DC: United States Institute of Peace Press.**

**Hornby,A.S. (2005), Oxford Advanced Dictionary of Current English (7 th ed.) Oxford: Oxford University Press.**

**Wallace,S. (2015),Oxford Dictionary of Education(2 nd ed.) Oxford: Oxford University Press.**

DBE BOX - Copyright Protected